ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး**

(၃၉) ရက်မြောက်နေ့မှတ်တမ်း

**၁၃၇၆ ခုနှစ်၊ တန်ခူးလဆန်း ၁၄ ရက်**

**( ၂၀၁၅ ခုနှစ်၊ ဧပြီလ ၂ ရက် )**

**[ကြာသပတေးနေ့]**

**အချိန်၊ ၁၀း၀၀။**

နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမတွင် ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၃၉)ရက်မြောက်နေ့ အစီအစဉ်ကို နံနက် ၁၀း၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌအဖြစ် ဦးခင်အောင်မြင့် က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူး အဖြစ် ဦးကြည်မင်း၊ ညွှန်ကြားရေးမှူးချုပ် အမျိုးသားလွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

## အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း

**အချိန်၊ ၁၀း၀၀။**

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခုအချိန်က စပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန် အစည်းအဝေးရဲ့ (၃၉)ရက်မြောက်နေ့ အစီအစဉ် စတင်ပါတော့မယ်ခင်ဗျား။

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

## အမျိုးသားလွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**အချိန်၊ ၁၀း၀၃။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ဒီကနေ့ ကျင်းပတဲ့ ပထမ အကြိမ် အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၃၉)ရက်မြောက်နေ့မှာ လွှတ်တော် အခွင့်အရေးကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ကိုယ်စားလှယ်ဦးရေ စုစုပေါင်း (၂၁၅)ဦးရှိပြီး ဒီကနေ့ အစည်းအဝေးကို (၁၇၅)ဦး တက်ရောက်ပါတယ်။

အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ဦးရေ စုစုပေါင်း၏ (၈၁.၄၀) ရာခိုင်နှုန်းရှိပြီး တက်ရောက်တဲ့ ကိုယ်စားလှယ်ဦးရေဟာ အစည်းအဝေး အထမြောက်ရန် လိုအပ်တဲ့ ကိုယ်စားလှယ်ဦးရေ သုံးပုံတစ်ပုံထက် ကျော်လွန်တဲ့အတွက် အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၄၂ နဲ့ နည်းဥပဒေ ၂၀၊ နည်းဥပဒေခွဲ(ခ)တို့အရ အစည်းအဝေး အထမြောက်ကြောင်းနဲ့ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၂၁၊ နည်းဥပဒေခွဲ(က)နဲ့(ဂ)တို့အရ အစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

## အစည်းအဝေး အစီအစဉ် ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**အချိန်၊ ၁၀း၀၄။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၊ နည်းဥပဒေခွဲ(ခ)အရ ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေးရဲ့ (၃၉)ရက်မြောက်နေ့ အစီအစဉ်ကို အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များထံ ကြိုတင်ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**အချိန်၊ ၁၀း၀၄။**

**ဥက္ကဋ္ဌ။** ။ ဒီကနေ့ ခွင့်ပန်ကြားတဲ့ လွှတ်တော်ကိုယ်စားလှယ်များစာရင်းကို ဖတ်ကြားတင်ပြပါမယ်။

ဦးမောင်သာခင်၊ ရခိုင်(၈)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဒေါက်တာခင်ရွှေ၊ ရန်ကုန်(၉)၊ ဒေသဖွံ့ဖြိုးရေး။ ဦးဖေသောင်း၊ ကချင်(၆)၊ မိသားစုကျန်းမာရေး။ ဦးစိုးအောင်၊ မန္တလေး(၁၁)၊ မိသားစုကိစ္စ။ ဦးမောင်အေးထွန်း၊ ရခိုင်(၉)၊ သားရှင်ပြုရဟန်းခံ။ ဦးတိုးဝင်း၊ တနင်္သာရီ(၁၂)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးသိမ်းဆွေ၊ ဧရာဝတီ(၁၀)၊ ဖခင်ကျန်းမာရေး။ ဒေါက်တာမြတ်ဉာဏစိုး၊ ရန်ကုန်(၄)၊ မိသားစုကျန်းမာရေး။ ဗိုလ်မှူးချုပ်ကျော်ဦးလွင်၊ တပ်မတော်၊ တာဝန်။ ဗိုလ်မှူးချုပ်သက်ထွန်းအောင်၊ တပ်မတော်၊ တာဝန်တို့ဖြစ်ပါတယ်။

ယခု တင်ပြခဲ့တဲ့ ခွင့်ပန်ကြားချက်များကို ခွင့်ပြုဖို့ လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောတူတဲ့အတွက် ခွင့်ပန်ကြားချက်များကို လွှတ်တော်က ခွင့်ပြုကြောင်း ကြေညာပါတယ်။

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း

**အချိန်၊ ၁၀း၀၅။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၃၉)ရက်မြောက်နေ့ကို တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ဦးရေမှာ(၂၁၅)ဦး၊ ယခင်က ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ

(၁၀)ဦး၊ ယနေ့ ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ (၁၀)ဦးဖြစ်၍ အမျိုးသားလွှတ်တော်က စုစုပေါင်း ခွင့်ပြုထားသူ(၄၀)ဦး ဖြစ်ပြီး ခွင့်မဲ့ပျက်ကွက်သူ မရှိပါ။

အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၊ နည်းဥပဒေခွဲ(ဂ)၊ နည်းဥပဒေခွဲငယ်(၂)အရ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်ကို လွှတ်တော်ရဲ့ အတည်ပြုချက် ရယူပါမယ်။

အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေ တင်ပြချက်ကို လွှတ်တော်က အတည်ပြုပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က အတည်ပြုပါသည်။]

**ဥက္ကဋ္ဌ။** ။ လွှတ်တော်က အတည်ပြုတဲ့အတွက် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို အမျိုးသားလွှတ်တော်က အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။

## ကြယ်ပွင့်ပြထားသည့် မေးခွန်းများကို သက်ဆိုင်ရာ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း

**အချိန်၊ ၁၀း၀၇။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၅)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ လွှတ်တော်သို့ လွှတ်တော်ကိုယ်စားလှယ်များ မေးမြန်းထားတဲ့ ကြယ်ပွင့်ပြထားတဲ့ မေးခွန်းတွေကို မေးမြန်းခြင်းနဲ့ ဖြေကြားခြင်း အစီအစဉ် ဆောင်ရွက်မှာ ဖြစ်ပါတယ်။

## တရားမမှုများ လျင်မြန်စွာ စီရင်ဆုံးဖြတ်နိုင်ရန် တရားမမှုသီးသန့် စစ်ဆေးစီရင်သော တရားရုံးများ ဖွင့်လှစ်၍ စီမံဆောင်ရွက်သွားရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း

**အချိန်၊ ၁၀း၀၇။**

**ဥက္ကဋ္ဌ။** ။ ယခု မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးလှဆွေ က တရားမမှုများ လျင်မြန်စွာ စီရင်ဆုံးဖြတ်နိုင်ရန် တရားမမှုသီးသန့် စစ်ဆေးစီရင်သော တရားရုံးများ ဖွင့်လှစ်၍ စီမံဆောင်ရွက်သွားရန် အစီအစဉ် ရှိ/မရှိနဲ့ စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၀၇။**

**ဦးလှဆွေ၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ တရားသူကြီးချုပ်ရုံးမှ တရားသူကြီးချုပ်များနဲ့ ကော်မရှင်အဖွဲ့ဝင်များ ကျက်သရေမင်္ဂလာအဖြာဖြာနဲ့ ပြည့်စုံတော်မူကြပါစေလို့ ဦးစွာပထမ နှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးလှဆွေ ဖြစ်ပါတယ်။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော် တင်ပြမေးမြန်းလိုတဲ့ မေးခွန်းကတော့ တရားမမှုများ လျင်မြန်စွာ စီရင်ဆုံးဖြတ်နိုင်ရန် တရားမမှုသီးသန့် စစ်ဆေးစီရင်သော တရားရုံးများ ဖွင့်လှစ်၍ စီမံဆောင်ရွက်သွားရန် အစီအစဉ် ရှိ/မရှိ ဟူ၍ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ မြန်မာနိုင်ငံမှာ တရားရုံးအဆင့်ဆင့်က ဖြစ်ပေါ် လာတဲ့ အမှုအခင်းများအတွက် မှန်ကန်မျှတစွာ ဥပဒေနှင့်အညီ ဆောင်ရွက်ပေးလျက် ရှိကြောင်း သိရှိရပါတယ်။ လုပ်ငန်းသဘောသဘာဝအရ ရာဇဝတ်မှုခင်းများကို စစ်ဆေးစီရင်ခြင်းဟာ ဦးစားပေး ကိစ္စရပ်ဖြစ်သောကြောင့် တရားမမှုတွေမှာတော့ နှစ်နဲ့ချီပြီး ကြာမြင့်ပြီးမှသာ စစ်ဆေးစီရင်နိုင်ကြောင်း လေ့လာတွေ့ရှိရပါတယ်။ အချို့သော တရားမမှုများမှာ ဆယ်စုနှစ်နဲ့ ချီပြီးကြာမြင့်နေ ကြောင်းလည်း သိရပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ယခင်က မြန်မာနိုင်ငံမှာ တရားမမှုကိုသာ သီးသန့် စစ်ဆေးစီရင်ဆုံးဖြတ်တဲ့ တရားမရုံးများ ရှိခဲ့ဖူးပါတယ်။ ရာဇဝတ်တရားသူကြီးနဲ့ တရားမတရားသူကြီး တွေဟာ ခွဲခြားပြီးတော့ ခန့်အပ်ထားတာဖြစ်ပါတယ်။ အခုလို ပွင့်လင်းမြင်သာတဲ့ ခေတ်မှာ ထိုကဲ့သို့ တရားမမှု သီးသန့် စီရင်ဆုံးဖြတ်တဲ့ တရားရုံးအဆင့်ဆင့်ကို ဖွဲ့စည်းပြီးတော့ စစ်ဆေးစီရင်မယ်ဆိုရင် တရားမ တရားစီရင်ရေးကိစ္စရပ်များဟာ ပိုမိုလွယ်ကူလျင်မြန်ပြီးတော့ တရားရင်ဆိုင်နေတဲ့ အမှုသည် များဟာ အချိန်ကုန်၊ စရိတ်ကုန်သက်သာပြီး ပြည်သူများ ပိုမိုစိတ်ချမ်းသာမှု ရရှိကြလိမ့်မယ်လို့ ယူဆပါ တယ်။ ဒါကြောင့်မို့လို့ အထက်ပါမေးခွန်းအား အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာ မေးမြန်းအပ်ပါတယ်။

**အချိန်၊ ၁၀း၀၉။**

**ဥက္ကဋ္ဌ**။ ။ မေးခွန်းနဲ့ ပတ်သက်ပြီး ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀း၀၉။**

**ဦးစိုးညွန့် (တရားသူကြီး၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ပြည်ထောင်စုတရားလွှတ်တော်ချုပ်၊ တရားသူကြီး ဦးစိုးညွန့် ဖြစ်ပါတယ်။

ကျွန်တော့်အနေနဲ့ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးလှဆွေ မေးမြန်းတဲ့ ကြယ်ပွင့်ပြ မေးခွန်းနဲ့ စပ်လျဉ်းပြီးတော့ ပြည်ထောင်စုတရား လွှတ်တော်ချုပ်ကိုယ်စား ရှင်းလင်းဖြေကြားသွားမှာ ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ တရားရုံး အဆင့် ဆင့်ဟာ တရားစွဲဆိုလာတဲ့ ပြစ်မှုဆိုင်ရာအမှုများနဲ့ တရားမမှုခင်းများကို ဥပဒေနဲ့အညီ စစ်ဆေး စီရင် ကြရပါတယ်။ ပြစ်မှုဆိုင်ရာအမှုများကတော့ အချုပ်တရားခံများပါဝင်ကြတဲ့အတွက် ကြန့်ကြာမှု မရှိစေ ရေးအတွက် လျင်မြန်စွာ ပြီးပြတ်စေရန်အတွက် ဦးစားပေးပြီးတော့ စစ်ဆေးစီရင် ကြရပါတယ်။

အလားတူ တရားမမှုခင်းများကိုလည်း မှန်ကန်မြန်ဆန်စွာ ပြီးပြတ်စေရေးအတွက် စစ်ဆေး စီရင်ကြရပါတယ်။ သို့သော်လည်း တရားမမှုခင်းများကတော့ ပုဂ္ဂလိကအချင်းချင်း ပုဂ္ဂိုလ်ရေးအရ ပစ္စည်းခန်းဆိုင်ရာ၊ ငွေရေးကြေးရေးဆိုင်ရာ အမှုများဖြစ်တဲ့အတွက် အမှုများမှာ မလိုလားအပ်ဘဲနဲ့ အချိန်ကြန့်ကြာမှုများရှိနေကြောင်းလည်း တွေ့ရှိရပါတယ်။ ဒါနဲ့ပတ်သက်ပြီးတော့ ယခင်ကတည်းက

ကျွန်တော်တို့ တရားရုံးချုပ်က ဒီလို တရားမမှုခင်းများကို ပြီးပြတ်စေရေးအတွက် နည်းလမ်းများ ရှာကြံပြီးတော့ကာ စီမံဆောင်ရွက်ခဲ့တာရှိပါတယ်။ အဲဒီတော့ ယခင်တရားရုံးချုပ်က တရားမမှုများကို မြန်မြန်ဆန်ဆန် စစ်ဆေးပြီးပြတ်နိုင်ရန်အတွက် ရည်ရွယ်ပြီးတော့ကာ တရားမမှုခင်းများပြားတဲ့ ရန်ကုန်နဲ့ မန္တလေးမြို့များမှာ တရားမမှုခင်းများကို သီးခြားစစ်ဆေးစီရင်ဖို့အတွက် စီမံဆောင်ရွက်ခဲ့ပါတယ်။

ဒီလိုဆောင်ရွက်တဲ့နေရာမှာ ရန်ကုန်တိုင်းအတွင်းမှာရှိတဲ့ မြို့နယ်(၂၀)နဲ့ မန္တလေးတိုင်းအတွင်းမှာရှိတဲ့ မြို့နယ်(၄)မြို့နယ်တို့အတွင်း စီရင်ပိုင်ခွင့်အတွင်းမှာ ကျရောက်တဲ့ တရားမမှုတွေကို တရားမ တရားသူကြီးများဖြင့် သီးသန့် သီးခြားစစ်ဆေးစီရင်မှုဆိုပြီးတော့ လွန်ခဲ့တဲ့ ၁၉၉၂ ခုနှစ်မှာ ကျွန်တော်တို့ စမ်းသပ်ပြီးတော့ ဆောင်ရွက်ခဲ့ဖူးပါတယ်။

ဒါပေမယ်လို့လည်း အဲဒီလိုဆောင်ရွက်တဲ့နေရာမှာ တရားမမှုများကို သီးခြားတရားရုံးများနဲ့ စစ်ဆေးစီရင်လာတာ လေး ငါး ခြောက်နှစ်အတွင်းမှာ ကျွန်တော်တို့ တွေ့ကြုံရတာကတော့ ဒီ တရားမမှုတွေဟာ ပစ္စည်းခန်းအမှုတွေဖြစ်တယ်။ ငွေရေးကြေးရေးဆိုင်ရာ အမှုတွေဖြစ်ပြီးတော့ ဖြစ်ပွားကြတဲ့အတွက် ရှေ့နေရှေ့ရပ်များနဲ့ နှစ်ဖက်ပြိုင်ဆိုင်ပြီးတော့ကာ အငြင်းပွားကြတယ်၊ ကြားဖြတ်အမိန့်တွေကို မကြာခဏ ချမှတ်ရတယ်၊ ချမှတ်တဲ့အမိန့်တွေအပေါ်မှာလည်း အထက်အဆင့်မြင့်တရားရုံးအသီးသီးကို အယူခံမှုတွေ၊ ပြင်ဆင်မှုတွေ တက်ရောက်ကြတာဖြစ်တဲ့အတွက် ဒီလို သီးသန့်တရားရုံးနဲ့ စစ်ဆေးစီရင်သော်လည်းပဲ တရားမမှုခင်းများမှာ သိသိသာသာ လျော့နည်းကျဆင်းလာတာကို မတွေ့ရပါဘူး။ ဒီလိုမတွေ့ရတဲ့အတွက် ကျွန်တော်တို့ ၁၉၉၈ ခုနှစ်မှာ ဒီလိုတရားမရုံးများကို သီးသန့်တရားရုံးများနဲ့ စစ်ဆေးစီရင်တဲ့စနစ်ကို ကျွန်တော်တို့ ပြန်လည်ပြီးတော့ ရုပ်သိမ်းခဲ့ရပါတယ်။

အဲဒီလို ကျွန်တော်တို့ သီးသန့်တရားရုံးများနဲ့ တရားမမှုခင်းများကို စစ်ဆေးစီရင်ခြင်းအားဖြင့် ဆိုးကျိုး(၂)ခုလည်း ကျွန်တော်တို့ တွေ့ရှိရပါတယ်။ အဲဒါကတော့ ဘာလဲဆိုတော့ တရားသူကြီးများဟာ ပြစ်မှုဆိုင်ရာအမှုများနဲ့ တရားမမှုဆိုင်ရာအမှုများအားလုံးကို စစ်ဆေးစီရင်ဖို့ တာဝန်ရှိတဲ့အလျောက် ပြစ်မှုနဲ့ တရားမမှု(၂)မျိုးလုံးကို ကျွမ်းကျင်စွာ စစ်ဆေးစီရင်နိုင်တဲ့ အရည်အချင်းရှိဖို့ လိုအပ်ပါတယ်။ တရားမမှုခင်းများကိုပဲ သီးသန့် စီရင်ကြတဲ့ တရားသူကြီးများအနေနဲ့ ပြစ်မှုဆိုင်ရာအမှုများကို မစစ်ဆေးရတဲ့ အခါကျတော့ ပြစ်မှုဆိုင်ရာ အတွေ့အကြုံများ မရှိတော့တဲ့အတွက် ပြစ်မှုဆိုင်ရာအမှုများကို စစ်ဆေးတဲ့နေရာမှာ အားနည်းမှုများ ရှိလာကြောင်းတွေ့ရပါတယ်။

ထို့နည်းအတူပါပဲ ပြစ်မှုချည်းပဲ သက်သက်စစ်ဆေးစီရင်ရတဲ့ တရားသူကြီးများကလည်း တရားမမှုခင်းများကို စစ်ဆေးတဲ့အပိုင်းမှာ အားနည်းလာတာကို တွေ့ရပါတယ်။ ဒါကြောင့် သီးသန့်တရားရုံးများ ဖွဲ့စည်းထားခြင်းဖြင့် တရားသူကြီးများရဲ့ ပြစ်မှုဆိုင်ရာအမှု၊ တရားမဆိုင်ရာအမှု (၂)မျိုးလုံးကို စစ်ဆေးနိုင်တဲ့အရည်အချင်းများကို ထိခိုက်လာကြောင်း တွေ့ရှိရပါတယ်။ ဒါကြောင့် မို့လို့ ယခင်ကထက် တရားမမှုများ သီးခြားဖွဲ့စည်းပြီးတော့ တရားမမှုများကို သီးခြားစစ်ဆေးရန် စမ်းသပ်ခဲ့တဲ့ အတွေ့အကြုံအရ ပိုမိုထူးကဲပြီးတော့ တရားမမှုများလည်း မြန်ဆန်ပြီးပြတ်သွားခြင်း မရှိသလို တရားသူကြီးများရဲ့ တရားမမှုနဲ့ ပြစ်မှုဆိုင်ရာ(၂)မျိုးလုံးကို ကျွမ်းကျင်ပိုင်နိုင်စွာ စစ်ဆေးနိုင်တဲ့ အရည်အချင်းများကိုလည်း ထိခိုက်လာတာတွေ့ရှိရတဲ့အတွက် အခုချိန်မှာတော့ ကျွန်တော်တို့ တရားမမှုခင်းများကို သီးသန့်တရားရုံးများနဲ့ စစ်ဆေးဖို့၊ စီရင်ဖို့ အစီအစဉ် မရှိပါကြောင်း ဖြေကြားအပ်ပါတယ်။

သို့သော်လည်းပဲ ကျွန်တော်တို့ ပြည်ထောင်စုတရားလွှတ်တော်ချုပ်က ယခုအခါမှာ တရားစီရင်ရေးဆိုင်ရာ(၃)နှစ်တာ မဟာဗျူဟာစီမံကိန်း ၂၀၁၅-၂၀၁၇ ကို ရေးဆွဲပြီးတော့ အကောင်အထည်ဖော်လျက်ရှိပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ မဟာဗျူဟာလုပ်ငန်းစီမံကိန်း အစီအစဉ်ထဲမှာ နှစ်ချီပြီးတော့ ကြန့်ကြာနေတဲ့ တရားမမှုများကို အမြန်ပြီးပြတ်ရေး၊ ဒီအမှုများကို ကြန့်ကြာမှုမရှိဘဲ ပြီးပြတ်သင့်တဲ့ အချိန်မှာ ပြီးပြတ်ရေးတို့ ဆောင်ရွက်ဖို့အတွက် စီမံချက်တစ်ရပ်ပါရှိကြောင်း လေးစားစွာ တင်ပြအပ်ပါတယ်။ အဲဒီတော့ ဒီစီမံချက်အတိုင်း အောင်မြင်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်အောင် ကျွန်တော်တို့လည်း ကြိုးစားဆောင်ရွက်လျက်ရှိပါကြောင်း တင်ပြအပ်ပါတယ်။

သို့ဖြစ်ပါ၍ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်တော်ကြီး မေးမြန်းတဲ့မေးခွန်းနဲ့ ပတ်သက်ပြီးတော့ သီးသန့် တရားမရုံးများနဲ့ စစ်ဆေးစီရင်ရန် အစီအစဉ် မရှိပါကြောင်း လေးစားစွာ ဖြေကြားအပ်ပါတယ်ခင်ဗျား။

**အချိန်၊ ၁၀း၁၄။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး လွှတ်တော်ကိုယ်စားလှယ်သုံးဦး မေးမြန်းမယ့် မေးခွန်းများဟာ သမ္မတရုံးဝန်ကြီးဌာန(၄)၊ ဒုတိယဝန်ကြီး တစ်ဦးတည်းက ဖြေကြားရမည့် မေးခွန်းများဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များက သက်ဆိုင်ရာမေးခွန်းတွေကို တစ်ဆက်တည်းမေးမြန်းပြီးမှ ဒုတိယဝန်ကြီး က တစ်ခုချင်းဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြူးမြို့နယ်၊ ဇေယျဝတီမြို့၊ ဆင်မော့တော့ ဘုရားကြီးလမ်း အရှည် ၄ မိုင်ခန့်ကို ကျောက်ချောလမ်းအဖြစ် ပြုပြင်ပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၁၄။**

**ဥက္ကဋ္ဌ**။ ။ ပထမဦးစွာ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)မှ ဦးသက်နိုင်ဦး က ဖြူးမြို့နယ်၊ ဇေယျဝတီမြို့၊ ဆင်မော့တော့ ဘုရားကြီးလမ်း အရှည် ၄ မိုင်ခန့်ကို ကျောက်ချောလမ်းအဖြစ် ပြုပြင်ပေးရန် အစီအစဉ် ရှိ/မရှိနဲ့ စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၁၄။**

**ဦးသက်နိုင်ဦး၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်ထောင်စုဝန်ကြီးများ၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော်ကတော့ ဖြူးမြို့နယ်၊ ပဲခူးတိုင်းဒေသကြီး မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးသက်နိုင်ဦး ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော် မေးမြန်းလိုတဲ့မေးခွန်းကတော့ ပဲခူးတိုင်းဒေသကြီး ဖြူးမြို့နယ်၊ ဇေယျဝတီမြို့ ဆင်မော့တော့ကျေးရွာ အရှည်(၄)မိုင်ရှိတဲ့ လမ်းအရှည်ဟာ ကျောက်ချောလမ်းအဖြစ် ဆောင်ရွက်ပေးနိုင်ခြင်း ရှိ/မရှိဆိုတဲ့အကြောင်းကို မေးမြန်းလိုခြင်းဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ပဲခူးတိုင်းဒေသကြီး ဖြူးမြို့နယ်၊ ဇေယျဝတီမြို့အရှေ့ဘက် သကြားစက်မှ ဆင်မော့တော့ကျေးရွာ ဘုရားကြီးသို့ သွားသည့်လမ်းဟာ ခေတ်အဆက်ဆက်ကျောက်ခင်းကျောက်ချောလမ်းမာအဖြစ် ဆောင်ရွက်ပေးခဲ့သော်လည်း ယခုအခါ ပြင်ဆင်ထိန်းသိမ်းမှု မရှိတော့တဲ့အတွက် နှစ်ကာလကြာမြင့်ပြီဖြစ်ပြီး ပျက်စီးနေခြင်းမှာလည်း မြင်မကောင်းအောင် တွေ့မြင်နေရပါတယ်။ မိုးတွင်းအခါ ကျောင်းနေကလေးများ သွားလာခြင်း၊ ပြည်သူများ သွားလာခြင်းများစွာ အခက်အခဲ ရှိပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ယခုအချိန်ဟာ ကျောက်ချောလမ်းအဖြစ် ဆောင်ရွက်ပေးရန် အချိန်ကောင်းလည်း ဖြစ်ပါတယ်။ ထို့အပြင် နိုင်ငံအတွက် ဆန်စပါး၊ ကြံ၊ ပဲ၊ ကုန်ကြမ်းများ သယ်ယူပို့ဆောင်နေတဲ့ လမ်းမကြီးလည်းဖြစ်ပါတယ်။ ၎င်းအပြင် ဆင်ဖြူတော် သကြားစက်သို့လည်း နေ့စဉ်ကြံတန်ချိန်များစွာကို လှည်း၊ ကား အသီးသီးတို့ဖြင့် နေ့စဉ်ရက်ဆက် သယ်ဆောင်နေတဲ့ လမ်းမကြီးဖြစ်ပြီး ဆင်ဖြူတော်သကြားစက်ပိုင်ကုမ္ပဏီနှင့်လည်း ပူးပေါင်းဆောင်ရွက်ပါက ပိုမိုလျင်မြန် ထိရောက်လိမ့်မည်လို့လည်း အကြံပြုအပ်ပါတယ်။

ဒါကတော့ ဒီလမ်းဘေးမှာရှိတဲ့ ဆင်မော့တော့ ဇေယျာဝတီသွားတဲ့ လမ်းဘေးမှာရှိတဲ့ ကြံခင်းမှာ ကြံခုတ်နေတဲ့ ဟိန္ဒူလင်မယားနှစ်ယောက်ပုံ ဖြစ်ပါတယ်။ ဒါကတော့ အဲဒီ ဆင်ဖြူတော် သကြားစက်သွားတဲ့လမ်း အခုန္ဓေရာသီမှာ ပျက်စီးနေတဲ့လမ်းဖြစ်ပါတယ်။ မိုးတွင်းအခါဆိုရင် ဘယ်လောက်ထိဖြစ်သွားမလဲဆိုတာကိုတော့ ဒါ စဉ်းစားကြည့်ရင် သိနိုင်ပါတယ်။ ဒါက အဲဒီ ရွာအဝင် လမ်းဖြစ်ပါတယ်။ ရွာအဝင်လမ်းကလည်း မြေသားလမ်းဖြစ်တယ်။ အောက်ကတော့ ကျောက်မာရှိတယ်။ ဒါပေမဲ့ ပြုပြင်ဆောင်ရွက်ထိန်းသိမ်းနိုင်ခြင်း မရှိတော့တဲ့အတွက် အခုလို ပျက်စီးနေရခြင်းပဲ ဖြစ်ပါတယ်။

ကျွန်တော် ပြီးခဲ့တဲ့(၁)ရက်ကလည်း၊ (၁)ရက်နေ့ကလည်း ကျွန်တော်တင်ပြပါတယ်။ ပြောပါတယ်၊ ဆင်မော့တော့ကျောင်းအကြောင်း ဒီကျောင်းသားများဟာဆိုလို့ရှိရင် အလယ်တန်း ကျောင်းသွားတဲ့နေရာမှာ မြို့ကိုသွားရပါတယ်။ မြို့ကိုသွားတော့ ဒီလမ်းကပဲ ဒါ နွေ၊ မိုး၊ ဆောင်း ဖြတ်နေရပါတယ်။ မိုးတွင်းဆိုလို့ရှိရင် ကျွန်တော်တို့ကလေးတွေဟာဆိုလို့ရှိရင် လမ်းလျှောက်ပြီးတော့သွားရတယ် (၄)မိုင်။ အဲဒီတော့ ကျွန်တော် ကျောင်းအတွက်လည်း ပြောပြီးတဲ့အတွက်၊ သို့ဖြစ်ပါ၍ ပဲခူးတိုင်းဒေသကြီး ဖြူးမြို့နယ်၊ ဇေယျာဝတီမြို့၊ ဆင်မော့တော့ဘုရားကြီးလမ်း (၄)မိုင်အရှည်ရှိ လမ်းမကြီးကို ကျောက်ချောလမ်းအဖြစ် ပြုပြင်ဆောင်ရွက်ပေးနိုင်ခြင်း ရှိ/မရှိကို သိရှိလို၍ မေးမြန်းလိုခြင်းဖြစ်ပါတယ်။ ကျေးဇူးတင်ပါတယ်ခင်ဗျား။

ဆင်တမော့၊ ဇေယျာဝတီသွားလမ်းဘေးရှိ ကြံခင်းပုံ (လ)



ဆင်ဖြူတော် သကြားစက် သွားသည့်လမ်းပုံ (လ-၁)




ဆင်တမော့ကျေးရွာ ရွာအဝင်မြေသားလမ်းပုံ (လ-၂)



**လားရှိုးမြို့တွင် အချက်ပြသတိပေးမီးနှင့် မီးပွိုင့်များ တိုးချဲ့တပ်ဆင်ရန် အစီအစဉ် ရှိ/မရှိနှင့် လက်ရှိ အသုံးပြုတပ်ဆင်ထားသည့် မီးပွိုင့်(၄)ခုအနက် ပျက်စီးနေသော မီးပွိုင့်(၃)ခုအား အမြန်ဆုံး ပြန်လည်ပြုပြင်ထိန်းသိမ်းသွားရန် အစီအစဉ် ရှိ/မရှိတို့နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၁၈။**

**ဥက္ကဋ္ဌ။** ။ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)မှ ဦးစိုင်းစံမင်း က လားရှိုးမြို့တွင် အချက်ပြသတိပေးမီးနှင့် မီးပွိုင့်များတိုးချဲ့တပ်ဆင်ရန် အစီအစဉ်ရှိ/မရှိနဲ့ လက်ရှိအသုံးပြု တပ်ဆင်ထားသည့် မီးပွိုင့်(၄)ခုအနက် ပျက်စီးနေသော မီးပွိုင့်(၃)ခုအား အမြန်ဆုံး ပြန်လည်ပြုပြင် ထိန်းသိမ်းသွားရန် အစီအစဉ် ရှိ/မရှိတို့နဲ့ စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၁၈။**

**ဦးစိုင်းစံမင်း၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုအဆင့် ပုဂ္ဂိုလ်များအားလုံး မင်္ဂလာပါလို့ ရှေးဦးစွာ ဂါရဝပြု နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၃) လားရှိုးမြို့က အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းစံမင်း ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းလိုတဲ့ မေးခွန်းကတော့ လားရှိုးမြို့တွင် အချက်ပြသတိပေးမီးနှင့်မီးပွိုင့်များ တိုးချဲ့တပ်ဆင်ရန် အစီအစဉ်ရှိ/မရှိနဲ့ လက်ရှိ အသုံးပြုတပ်ဆင်ထားသည့် မီးပွိုင့်(၄)ခုအနက် ပျက်စီးနေသော မီးပွိုင့်(၃)ခုအား အမြန်ဆုံး ပြန်လည်ပြုပြင် ထိန်းသိမ်းသွားရန် အစီအစဉ် ရှိ/ မရှိ ဆိုတဲ့ မေးခွန်းပဲဖြစ်ပါတယ်ခင်ဗျား။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ရှမ်းပြည်နယ်မြောက်ပိုင်း၊ လားရှိုးမြို့သည် ရှမ်းပြည်နယ်၏ ဒုတိယမြို့တော် ဖြစ်တာနဲ့အညီ တိုင်းရင်းသားပေါင်းစုံ (၃)သိန်းကျော်နေထိုင်လျက်ရှိပြီး မြို့၏ လက်ရှိလူဦးရေထက် ထပ်မံ၍ တစ်နေ့တခြား တိုးတက်များပြားလာလျက်ရှိကြောင်း တွေ့မြင်ရပါတယ်။ လာရှိုးမြို့ မြို့တွင်းမှာ အခြေခံပညာ အထက်တန်းကျောင်း(၉)ကျောင်း၊ လာရှိုးတက္ကသိုလ်၊ ကွန်ပျူတာတက္ကသိုလ်၊ နည်းပညာတက္ကသိုလ်၊ တက္ကသိုလ်အဆင့်(၃)ကျောင်းနဲ့ ပညာရေးကောလိပ်မှ ကျောင်းသူကျောင်းသားများဟာ ဆိုင်ကယ်နဲ့ ကျောင်းတက်ကျောင်းဆင်း သွားလာကြပါတယ်။

မြို့နယ်လူဦးရေတိုးတက်များပြားလာတဲ့အညီ နိုင်ငံတော်ရဲ့ ပြုပြင်ပြောင်းလဲကျင့်သုံးလာတဲ့ ဈေးကွက်စီးပွားရေးစနစ်ကြောင့် ယခုအခါ ယခင်ကထက်ပိုမို၍ ယာဉ်အသုံးပြုမှု များပြားလာလျက် ရှိပါတယ်။ မြို့တွင်းလမ်းများ ယာဉ်ကြောပိတ်ဆို့ခြင်း၊ ယာဉ်တိုက်ခိုက်မှုမကြာခဏ ဖြစ်ပွားလျက်ရှိပါတယ်။ အများပြည်သူများအတွက် အန္တရာယ်ကင်းရှင်းစွာ သွားလာနိုင်ရေးအတွက် အချက်ပြသတိပေး မီးနဲ့ မီးပွိုင့်များ ထပ်မံတပ်ဆင်ရန် လိုအပ်လျက်ရှိပါတယ်ခင်ဗျား။

ဥက္ကဋ္ဌကြီးခင်ဗျား။ မြို့တွင်းလမ်းပိတ်ဆို့မှု နည်းပါးအောင်နဲ့ ယာဉ်အန္တရာယ်ထိခိုက်မှုနည်းစေရန်အတွက် ယခုအခါ မြို့ရှောင်လမ်းနဲ့ အဝေးပြေးယာဉ်ရပ်နားစခန်းများကို မြို့ပြင်သို့ ပြောင်းလဲဖွင့်လှစ်ပြေးဆွဲလျက်ရှိပါတယ်။ လက်ရှိ လားရှိုးမြို့အတွင်း၌ မီးပွိုင့်(၄)နေရာ တပ်ဆင်ထားလျက်ရှိပြီး (၁)ခုသာလျှင် အချက်ပြမီးလင်းပြီး ကျန်မီးပွိုင့်(၃)ခုမှာ လချီ၊ နှစ်ချီ ပျက်စီးနေပြီဖြစ်ကြောင်း တွေ့ရှိရပါတယ်ခင်ဗျား။

မြို့တွင်း၌ အဓိကလိုအပ်လျက်ရှိတဲ့ အချက်အခြာ ကြမယ့်နေရာများ၊ မြို့ရှောင်လမ်းမပေါ်နဲ့ အဝေးပြေးယာဉ်ရပ်နားစခန်းတွင် အချက်ပြသတိပေးမီးနှင့် မီးပွိုင့်များ ထပ်မံတပ်ဆင်မှသာလျှင် ယာဉ် ထိခိုက်မှု အန္တရာယ်လျော့နည်းပြီး မိဘပြည်သူများ၊ ကျောင်းတက်ကျောင်းဆင်း ကလေးသူငယ်များ အတွက် လုံခြုံစိတ်ချမှု ပိုမိုရှိလာနိုင်မှာ ဖြစ်ပါတယ်ခင်ဗျား။

ပါဝါပွိုင့်တစ်ခုနဲ့ တင်ပြပါရစေ။ ဒီအခုမြင်ရတဲ့ လမ်းမကြီးကတော့ ကျွန်တော်တို့ မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမ လာရှိုးမြို့ရှောင်လမ်း ဖြစ်ပါတယ်ခင်ဗျား။ ကန့်လန့်ဖြတ်ကတော့ ကျွန်တော်တို့ လာရှိုးမြို့နဲ့ ဒီ နမ့္မတူမြို့ကို သွားတဲ့ လမ်းဆုံဖြစ်ပါတယ်ခင်ဗျား။ ဒီနေရာဆိုရင် အင်မတန်မှ အန္တရာယ် များပါတယ်ခင်ဗျား။ လက်ရှိအသုံးပြုနေတဲ့ မီးပွိုင့်လို့ခေါ်ရမလား၊ ဘာလားတော့မသိဘူး။ ဒီကောင်က တော့ ရပ်၊ ကြည့်၊ သွားပုံစံနဲ့ပဲ ဖြစ်နေပါတယ်။ ဒါက ယာဉ်လည်း အင်မတန်ရှုပ်ထွေးတဲ့ နေရာပါ။ တော်တော်လေး ကျွန်တော်တို့ မြို့မှာ ဒီလိုမျိုးယာဉ်အန္တရာယ်ရှုပ်ထွေးပြီးတော့ သွားလာတဲ့နေရာတွေ တော်တော်များများ ရှိပါတယ် ခင်ဗျား။ ဒါကြောင့်မို့ ဒီမီးပွိုင့်ကိုထပ်တိုးပြီးတော့ အန္တာယ်ရှိတဲ့နေရာမှာ တပ်ဆင်သွားမယ် ဆိုရင်တော့ ကောင်းမွန်မယ်လို့ ကျွန်တော်ထင်မြင်ယူဆပါတယ်ခင်ဗျား။ ဒါကြောင့်မို့ ကျွန်တော်မေးမြန်းလိုတဲ့ မေးခွန်းကတော့ လားရှိုးမြို့နယ် အချက်ပြသတိပေး မီးပွိုင့်များ ထပ်မံတိုးချဲ့ တပ်ဆင်ရန် အစီအစဉ် ရှိ/မရှိသိရှိလိုပါတယ်။ လက်ရှိအသုံးပြုတပ်ဆင်ထားတဲ့ မီးပွိုင့်(၄)ခုအနက် ပျက်စီးနေသော မီးပွိုင့်(၃)ခုအား အမြန်ဆုံးပြန်လည် ပြုပြင်ထိန်းသိမ်းသွားရန် အစီအစဉ်ရှိ/မရှိသိရှိ လိုပါတယ် ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

မန္တလေး-မူဆယ်နှင့် လားရှိုး-နမ့္မတူသွား ကားလမ်းဆုံပုံ (၁)



**လွိုင်ကော်မြို့နယ် ချိုကယ်ကျေးရွာ အုပ်စု၊ ချိုကယ်ရွာ(ဒေါကလိုးခူရွာ)၏ တောင်ဖက်တွင်ရှိသော ချောင်းခြောက်အား ရေတားတမံ ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၂၂။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး ကယားပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)မှ ဦးပိုးရယ်အောင်သိန်းက လွိုင်ကော်မြို့နယ် ချိုကယ်ကျေးရွာ အုပ်စု၊ ချိုကယ်ရွာ(ဒေါကလိုးခူရွာ)၏ တောင်ဖက်တွင်ရှိသော ချောင်းခြောက်အား ရေတားတမံဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိနဲ့ စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၂၂။**

**ဦးပိုးရယ်အောင်သိန်း၊ ကယားပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)။** ။ ရိုသေလေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်ထောင်စုဒုတိယဝန်ကြီး၊ ကော်မရှင် အဖွဲ့ဝင်များနှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အားလုံးကိုယ်၏ကျန်းမာခြင်း၊ စိတ်၏ ချမ်းသာခြင်းနှင့် ပြည့်စုံကြပါစေကြောင်း နှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ် ခင်ဗျား။ ကျွန်တော်ကတော့ ကယားပြည်နယ်၊ မဲဆန္ဒနယ်အမှတ်(၈)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးပိုးရယ်အောင်သိန်း ဖြစ်ပါတယ်။ ကျွန်တော်မေးမြန်းလိုတဲ့ မေးခွန်းကတော့ ကယားပြည်နယ်၊ လွိုင်ကော်မြို့၊ ချိုကယ်ကျေးရွာအုပ်စု၊ ချိုကယ်ရွာ ကျွန်တော်တို့ ဒေသအခေါ် ဒေါကလိုးခူရွာ ရဲ့ တောင်ဘက်တွင်ရှိသော ချောင်းခြောက်အား ရေတားတမံဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိ မေးခွန်းအား မေးမြန်းတင်ပြခွင့်ပြုပါခင်ဗျား။

ရိုသေလေးစားအပ်ပါတဲ့ ဥက္ကဋ္ဌကြီးခင်ဗျား။ ကယားပြည်နယ်၊ လွိုင်ကော်မြို့၊ ချိုကယ်ကျေးရွာအုပ်စု၊ ချိုကယ်ရွာ ဒေသအခေါ် ဒေါကလိုးခူရွာ ရဲ့ တောင်ဘက်တွင်ရှိသော ချောင်းခြောက် တစ်လျှောက်ဟာ လွိုင်ကော်-ရှားတောကားလမ်း၏(၃)မိုင်(၃)ဖာလုံတွင် အစပြုပြီး အနောက်ဘက်အတိုင်း ချောင်းရေဟာစီးဆင်းလာပြီးတော့ ချိုကယ်(ဒေါကလိုးခူရွာ)ရဲ့ တောင်ဘက်နားမှာ ချိုးကွေ့စီးဝင်ပြီးတော့ ချိုကယ်ကျေးရွာအုပ်စု၊ နန်းကွက်ရွာ၏ အရှေ့ဘက်မှာ တောင်ဘက်အတိုင်း စီးဆင်းပြီး ဘီလူးချောင်းထဲသို့ စီးဝင်သွားပါတယ်။ အဲဒီချောင်းဟာ အရှည်အားဖြင့်(၃)မိုင်ကျော်ခန့် ရှည်လျားသော ချောင်းဖြစ်ပြီး ချောင်း၏အကျယ်ဟာလည်းပဲ တချို့ နေရာမှာ ပေ(၅၀)မှ ပေ(၁၀၀)အထိ ကျယ်ပြီး ချောင်းရဲ့အနက်ဟာလည်းပဲ တချို့နေရာမှာ ပေ(၃၀)မှ ပေ(၅၀)အထိ နက်ပါတယ်။ တချို့နေရာမှာလည်း နုန်းမြေများဖို့လာတဲ့အတွက်ကြောင့် တိမ်လာပြီ ဖြစ်ပါတယ်။ နွေရာသီ၊ ဆောင်းရာသီများမှာ ရေ မရှိသော်လည်းဘဲ မိုးကောင်း၊ မိုးများတဲ့မိုးရာသီကာလများမှာ တောင်ပေါ်မှစီးဆင်းလာတဲ့ မိုးရေများကြောင့် ရေစီးသန်တဲ့ ချောင်းဖြစ်သည့်အပြင် မိုးရေနှင့်အတူ ရွှံ့နွံများ၊ နုန်းမြေများဟာ ဘီလူးချောင်းထဲကို ရေစီးဆင်းတဲ့အတွက် ဘီလူးချောင်းရေဟာ နုန်းမြေများကြောင့် ရေတိမ်လာနေပြီဖြစ်ပါတယ်။

တစ်နှစ်ထက်တစ်နှစ် မိုးများရင်များသလို နုန်းမြေဟာတန်ချိန်ပေါင်းမြောက်များစွာ စီးဝင်လျက် ရှိပါတယ်။ ပြီးခဲ့တဲ့နှစ်တုန်းက ဘီလူးချောင်းရေအနက်ဟာ (၁၅)ပေအထိ ရှိသော်လည်းပဲ ယခုအချိန် ဟာ အဲဒီနုန်းမြေစီးဆင်းတဲ့နေရာမှာ ဘီလူးချောင်းရေအနက်ဟာ (၄)၊ (၅) ပေ ခန့်သာ ရှိလာပါတယ်။ ကျွန်တော်တို့ ဘီလူးချောင်းရေဟာ မြန်မာနိုင်ငံကို လျှပ်စစ်မီးတစ်နံတစ်လျား


ဖြန့်ဝေပေးနေတဲ့ အမှတ်(၁)၊ အမှတ်(၂)၊ အမှတ်(၃) တို့မှ အဓိက မှီခိုအားထားနေရတဲ့ ဘီလူးချောင်း ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ဘီလူးချောင်း ရေစီးရေလာကောင်းမွန်စေရန်အတွက် ဘီလူးချောင်းရေဟာ နုန်းမြေများစီးဝင်တဲ့အတွက် ရေတိမ်ခြင်းနှင့် ရေညစ်ညမ်းခြင်းများ မဖြစ်ပေါ်စေရေးအတွက် မေးခွန်းကို မမေးမြန်းမီ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော် power point ဖြင့် ရှင်းလင်းတင်ပြခွင့်ပြုပါခင်ဗျား။

ဒါ ကျွန်တော်တို့ ချောင်းခြောက်ပြထားတဲ့ အခြေအနေဖြစ်ပါတယ်။ ဒါကျွန်တော်တို့ ရွာက နေတွေ့ရတဲ့ ချောင်းခြောက်ရေတားတမံ ပြုလုပ်ချင်တဲ့နေရာကို တိုင်ထောင်ထားခြင်းဖြစ်ပါတယ်။ ဒါဟာ နားကွပ်ရွာတောင်ကုန်းကနေ ကျွန်တော်တို့ ဒေါကလိုးခူရွာကနေ လှမ်းကြည့်လိုက်ရင် view ဖြစ်ပါတယ်။ ဒါချောင်းခြောက်ဟာ အဲဒီလိုပုံမှာပါတဲ့အတိုင်း တိမ်လာပြီဖြစ်ပါတယ်။ ဒါက ကျွန်တော်တို့ ဒေါကလိုးခူရွာနဲ့ နားကွပ်ရွာ ချောင်းအကွေ့လေးနေရာမှာ ရိုက်ထားတဲ့ပုံဖြစ်ပါတယ်။ ဒါဟာလည်းပဲ ကျွန်တော်တို့ အဲဒီရွာတံတားနားက ရိုက်ထားတဲ့ပုံဖြစ်ပါတယ်။ ဒါလည်း ထိုနည်း လည်းကောင်းပါပဲ။ ဒါလည်း ချောင်းခြောက်တွေဟာ ရွာနားမှာ အဲဒီလိုတိမ်ကောလာတာကို ပြထားတာ ဖြစ်ပါတယ်။ ဒါ ကျွန်တော်တို့ ဘီလူးချောင်းနားကွပ်ရွာနဲ့ သတ်မှတ်ထားတဲ့နေရာ၊ ရေတားတမံရှိတဲ့ နေရာဖြစ်ပါတယ်။ ဒါ ဘီလူးချောင်းဟာ ဒီနားအချိုးအကွေ့မှာ ချောင်းဟာကျဥ်းလာပြီးတော့ နုန်းမြေစီးဆင်းတဲ့နေရာ ပြထားတာဖြစ်ပါတယ်။ ဒါ ကျွန်တော် Power Point နဲ့ ပြုလုပ်ချင်တဲ့နေရာကို ပြထားခြင်း ဖြစ်ပါတယ်။ ဒါတွေဟာ ကျွန်တော်တို့ ချောင်းခြောက်ရဲ့ ဘေးနားအခြေအနေကို ပြထားခြင်း ဖြစ်ပါတယ် ခင်ဗျား။ ဒီချောင်းခြောက်ကို တွေ့ရတဲ့အနေအထားဖြစ်ပါတယ်ခင်ဗျား။ ကျွန်တော်တို့ ချောင်းခြောက်ကို ပြုလုပ်ထားတဲ့ ရွာအခြေအနေကနေ ကျွန်တော် လှမ်းတွေ့ရတဲ့ နေရာဖြစ်ပါတယ်။ ကျွန်တော် ချောင်းခြောက် ရေတားတမံ ပြုလုပ်ချင်တဲ့ နေရာကို ကျွန်တော်ပြထားတဲ့ နေရာဖြစ်ပါတယ်။ ဒါ ချောင်းခြောက် ဘေးနားသွားတဲ့လမ်း လှည်းလမ်းကြောင်း ဖြစ်ပါတယ်။ ဒါချောင်းခြောက်ဘေးနား ဖြစ်ပါတယ်ခင်ဗျား။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ ဒီပြထားတဲ့ပုံတွေကတော့ ဒီချောင်းခြောက်ရဲ့ အခြေအနေကို ပြထားခြင်းဖြစ်ပါတယ်။ အဲဒီတော့ လှိုင်ကော်မြို့ ချိကယ်ရွာကျေးရွာအုပ်စု၊ ချိကယ်ရွာ တောင်ဘက်မှာရှိတဲ့ ချောင်းခြောက်ကို ဒေသခံရွာသူ၊ ရွာသားများရဲ့ဆန္ဒအရ ချောင်းရဲ့အစကနေ ပေ(၇၂၀၀) အကွာ၊ သပြေပင်နားမှာရှိတဲ့ နေရာနားမှာ ဆည်တားတမံ ပြုလုပ်စေလိုပါတယ်။ ဒီ ဆည်တားတမံ ပြုလုပ်ခြင်းအားဖြင့်လည်း နုန်းမြေကိုတားဆီးပေးပြီး ဖြစ်တဲ့အပြင် ရွာသူ/ရွာသားများအတွက် ရေသိုလှောင်ထားနိုင်တဲ့ ရေရှိမယ်၊ ရေခံမယ်ဆိုရင်လည်းပဲ သုံးရေရရှိတဲ့အပြင် မြေသားတမံအပေါ်မှာ သွားလာရလွယ်ကူမှာ ဖြစ်ပါတယ်။ မြေသားတမံရဲ့တောင်ဘက်မှာ ခုနက ပုံမှာပါတဲ့အတိုင်း လယ်ယာခြံမြေများကို လွယ်လင့်တကူ ကူးလူးဆက်ဆံသွားလာနိုင်မှာဖြစ်ပါတယ်။

ဒါကြောင့်မို့လို့ အောက်ပါမေးခွန်းများကို မေးမြန်းလိုပါတယ်ခင်ဗျား။ (က) လှိုင်ကော်မြို့၊ ချိကယ်ကျေးရွာအုပ်စု၊ ချိကယ်ရွာ(ဒေါကလိုးခူရွာ)ရဲ့တောင်ဘက်မှာရှိတဲ့ ချောင်းခြောက်အား ရေတားတမံဆောင်ရွက်ပေးရန် အစီအစဥ် ရှိ/မရှိ။ (ခ) ၎င်း ဆည်တားတမံ ပြုလုပ်ပေးမည်ဆိုပါက မည်သည့်ဘဏ္ဍာရေးနှစ်တွင် စတင်ဆောင်ရွက်ပေးနိုင်မည်ကို သိရှိလိုတဲ့အတွက် ရွာသူ/ရွာသားများရဲ့ ကိုယ်စား ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာမေးမြန်းအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။


နမ့်ကွပ်ရွာဘုရားတောင်ကုန်းနေရာပြပုံ (သ)




နမ့်ကွပ်ရွာဘုရားတောင်အနီး ဘီလူးချောင်း စီးဆင်းနေပုံ (သ-၁)



မြေထိန်းတမံလျှာထားနေရာပြပုံ (သ-၂)




**အချိန်၊ ၁၀း၃၀။**

**ဥက္ကဋ္ဌ**။ ။ မေးခွန်းများနဲ့ ပတ်သက်ပြီး သမ္မတရုံးဝန်ကြီးဌာန(၄)၊ ဒုတိယဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀း၃၀။**

**ဦးအောင်သိမ်း(ဒုတိယဝန်ကြီး၊ သမ္မတရုံးဝန်ကြီးဌာန-၄)**။ ။ ရိုသေလေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ကိုယ်စိတ်နှစ်ဖြာကျန်းမာချမ်းသာပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ နိုင်ငံတော်သမ္မတရုံးဝန်ကြီးဌာန-၄ မှ ဒုတိယဝန်ကြီးဦးအောင်သိမ်း ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးသက်နိုင်ဦး မေးမြန်းတဲ့ မေးခွန်းနဲ့ပတ်သက်ပြီး ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့ကိုယ်စား ပြန်လည်ရှင်းလင်းဖြေဆိုသွားမှာ ဖြစ်ပါတယ်။ ပဲခူးတိုင်းဒေသကြီး၊ ဖြူးမြို့နယ်၊ ဇေယျဝတီမြို့ ဆင်မော့တော့ ဘုရားကြီးသွားလမ်းဟာ အရှည်(၄)မိုင်၊ (၆.၆)ဖာလုံရှိတဲ့ မြေသားလမ်းပျက်ဖြစ်ပါတယ်။ အဆိုပါလမ်းအား ကျေးရွာအုပ်စု (၃)အုပ်စု၊ ကျေးရွာ(၁၅)ရွာ၊ အိမ်ခြေ (၁၁၄၃)အိမ်၊ လူဦးရေ (၇၄၂၀)ဦး အကျိုးပြုသွားလာလျက်ရှိပါတယ်။

ပဲခူးတိုင်းဒေသကြီး၊ ဖြူးမြို့နယ်၊ ဇေယျာဝတီမြို့ ဆင်မော့တော့(ဘုရားကြီး) သွားလမ်းဟာ အရှည်(၄)မိုင်၊ (၆.၆)ဖာလုံ၊ အကျယ်(၁၂)ပေ၊ ထု(၉)လက်မကျောက်ချောလမ်းခင်းခြင်း လုပ်ငန်းကို ဆောင်ရွက်မည်ဆိုလို့ရှိရင် ခန့်မှန်းကုန်ကျငွေ ကျပ်(၃၁၃.၆၂၅) သန်းကုန်ကျမည် ဖြစ်ပြီး ၂၀၁၅-၂၀၁၆ ခု ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်ပေးနိုင်ခြင်းမရှိသေးပါ။ အဆိုပါကုန်ကျငွေအား မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန (ရုံးချုပ်)ရဲ့ ခွင့်ပြုရန်ပုံငွေဖြင့် ကျခံသုံးစွဲနိုင်ရေး တင်ပြသွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြား အပ်ပါတယ်။

ဆက်လက်ပြီးတော့ ကျွန်တော်ကပဲ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)မှ အမျိုးသား လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းစံမင်းမေးမြန်းတဲ့ မေးခွန်းနဲ့ပတ်သက်ပြီး ရှမ်းပြည်နယ်အစိုးရအဖွဲ့ ကိုယ်စား ပြန်လည်ရှင်းလင်း ဖြေဆိုသွားမှာဖြစ်ပါတယ်။ လားရှိုးမြို့မှာ အချက်ပြ သတိပေးမီးနှင့် မီးပွိုင့်များ ထပ်မံတိုးချဲ့တပ်ဆင်မည့် အစီအစဉ် ရှိ/မရှိနှင့် လက်ရှိ အသုံးပြုထားတဲ့ မီးပွိုင့်လေးခု အနက် ပျက်စီးနေသော မီးပွိုင့် (၃)ခုအား အမြန်ဆုံးပြန်လည်ပြုပြင်ထိန်းသိမ်းသွားရန် အစီအစဉ် ရှိ/ မရှိ မေးခွန်းနှင့် စပ်လျဉ်းပြီးတော့ လားရှိုးမြို့တွင်ရှိသော အမှတ်(၆၅) ယာဉ်ထိန်း တပ်ဖွဲ့စုအနေနဲ့ လားရှိုးမြို့ပေါ်တွင် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း စနစ်တကျရှိစေရေးအတွက် ဆောင်ရွက်လျက် ရှိတဲ့အခါမှာ လားရှိုးမြို့ပေါ်ရှိ အောက်ဖော်ပြပါ (၄)ခုမှာ ၈-၁၁-၂၀၀၈ ရက်နေ့မှ စတင်ကာ ရှမ်း ပြည်နယ်မြောက်ပိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ လမ်းညွှန်မှုဖြင့် ယာဉ်စည်းကမ်း ရန်ပုံငွေကနေ ထုတ်နုတ်သုံးစွဲပြီးတော့ အသုံးပြုခဲ့ပါတယ်။ အဲဒီလမ်း(၄)ခုကတော့ (က) လားရှိုးကြီး လမ်းဆုံမီးပွိုင့်၊ (ခ) နမ့်မွတူလမ်းဆုံမီးပွိုင့်၊ (ဂ) ခိုလောင်းလမ်းဆုံမီးပွိုင့်၊ (ဃ) မန္တလေး လမ်းဆုံမီးပွိုင့်တို့ ဖြစ်ပါတယ်။

အထက်ပါမီးပွိုင့်များဟာ ၂၀၁၄ ခုနှစ်၊ စက်တင်ဘာလမှ စတင်ပြီးတော့ ရာသီဥတုဒဏ် ကြောင့်လည်းကောင်း၊ သုံးသည့်ကာလကြာမြင့်လာသောကြောင့်လည်းကောင်း၊ မီးပွိုင့်အား ထိန်းသိမ်း ထားရှိတဲ့ Control ပိုင်းများနှင့် Service ကြိုးပိုင်းများမှာ ပျက်စီးခဲ့ပါတယ်။ ပျက်စီးယိုယွင်းနေတဲ့ မီးပွိုင့်အစိတ်အပိုင်းများကို ပြန်လည်ပြင်ဆင်ပြီး သုံးစွဲဆောင်ရွက်လျက် ရှိတဲ့အခါမှာ ခိုလောင်းလမ်းဆုံ မီးပွိုင့်နှင့် နမ့်မွတူလမ်းဆုံ မီးပွိုင့်တို့ဟာ လက်ရှိအသုံးပြုဆောင်ရွက်လျက် ရှိပါတယ်။

အမှတ်(၆၅) ယာဉ်ထိန်းတပ်ဖွဲ့အနေနဲ့ လားရှိုးမြို့ပေါ်မှာရှိတဲ့ လူနေမှုထူထပ်သိပ်သည်း လာတဲ့အတွက်ကြောင့် မော်တော်ယာဉ်နှင့် ဆိုင်ကယ်များ များပြားလာတဲ့အတွက်ကြောင့် ယာဉ် အန္တရာယ် ကင်းရှင်းစေရေးအတွက်ကို မီးပွိုင့်များမတိုးချဲ့မီ အချက်ပြသတိပေး မှိတ်တုတ် မီးဝါများကို အောက်ဖော်ပြပါ နေရာများမှာ တပ်ဆင်ဖို့ စီစဉ်ဆောင်ရွက်လျက်ရှိပါတယ်။ (က)ကတော့ မယ်တန် လမ်းဆုံမှာ မှိတ်တုတ်မီးဝါ slow down (၃)ခု၊ (ခ) ရေပန်းလမ်းဆုံမှာ မှိတ်တုတ်မီးဝါ slow down (၃) ခု။ သို့ဖြစ်ပါတဲ့အတွက်ကြောင့် လားရှိုးမြို့ပေါ်မှာ ယာဉ်အန္တရာယ် ကင်းရှင်းစေရေးအတွက် ယာဉ် ကြောရှုပ်ထွေးတဲ့ နေရာများကို ကွင်းဆင်းပြီးတော့ မီးပွိုင့်များ၊ slow down များကို ထပ်မံ တပ်ဆင် အသုံးပြုသွားရန် စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်းနှင့် လက်ရှိအသုံးပြုနေတဲ့ မီးပွိုင့်များကို လက်ရှိ အနေအထားထက် ကောင်းမွန်အောင် ထိန်းသိမ်းဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း၊ ပျက်စီးနေသော

မီးပွိုင့်များကိုလည်း ပြုပြင်၍မရပါက အသစ်ထပ်မံတပ်ဆင်နိုင်ရေး ခရိုင်ယာဉ် စည်းကမ်းထိန်းသိမ်းရေး ကော်မတီနှင့် ညှိနှိုင်းပြီးတော့ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း ပြန်လည် ဖြေကြားအပ်ပါတယ်။

ဆက်လက်ပြီးတော့ ကျွန်တော်ကပဲ ကယားပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးပိုးရယ်အောင်သိန်းမေးမြန်းတဲ့ မေးခွန်းနှင့်ပတ်သက်ပြီး ကယားပြည်နယ် အစိုးရအဖွဲ့ ကိုယ်စား ပြန်လည်ရှင်းလင်း ဖြေဆိုသွားမှာဖြစ်ပါတယ်။ ကယားပြည်နယ်၊ လွိုင်ကော်မြို့၊ ချိကယ် ကျေးရွာ၊ ချိကယ်ရွာ(ဒေါကလိုးခူရွာ)ရဲ့ တောင်ဘက်မှာရှိတဲ့ ချောင်းခြောက်အားရေတားတမံ ဆောင်ရွက် ပေးရန် အစီအစဥ် ရှိ/မရှိ မေးခွန်းနှင့် စပ်လျဥ်းပြီး ချောင်းစတင်တဲ့နေရာဟာ လွိုင်ကော်-ရှားတော ကားလမ်းရဲ့ (၃)မိုင်(၁)ဖာလုံကနေပြီးတော့ (၃)မိုင်(၃)ဖာလုံ အတွင်းလမ်းရဲ့ အောက်ဘက်ခြမ်းမှာ တည်ရှိပါတယ်။ ထိုနေရာမှာ ကားလမ်းအရှေ့ဘက်ပိုင်းမှာ တောင်ကုန်း ဖြစ်ပြီးတော့ အနောက်ဘက် ခြမ်းမှာ လျှိုမြောင်ချိုင့်ဝှမ်းဖြစ်ပါတယ်။ မိုးရာသီကာလမှာ ကားလမ်း အရှေ့ဘက် တောင်ကုန်းများမှ စီးဆင်းလာတဲ့ မိုးရေများဟာ လမ်းဘေးမြောင်းငယ်များမှတစ်ဆင့် မိုင်တိုင် (၃/၁)ကနေပြီးတော့ (၃/၃) အတွင်းရှိ ကားလမ်းဖြတ်အဆောက်အအုံ(၃)ခုအတွင်းကို စီးဝင်ပါတယ်။ ထိုကားလမ်းဖြတ်မြောင်း (၃) ခုရဲ့ ပေါင်းဆုံပြီးတော့ ချောင်းအသွင်နဲ့ ကားလမ်းဖြတ် အနောက်ဘက်ခြမ်းရှိ အနိမ့်ပိုင်း လျှိုမြောင်များ တစ်လျှောက် တစ်ရှိန်ထိုးစီးဆင်းပါတယ်။

ချောင်း၏အရှည်မှာ (၂.၅)မိုင်ရှိပြီးတော့ လက်ရှိအခြေအနေမှာ ချောင်းအစပျိုးတဲ့ နေရာကနေပြီးတော့ပေ(၇၂၀၀)အထိ ချောင်းရဲ့ဘေးတစ်ဖက်တစ်ချက် ကမ်းပါးများမှာ မိုးရေတိုက်စားခြင်းကြောင့် အချို့နေရာများမှာ အကျယ်ပေ(၈၀)ကနေပြီးတော့ (၉၀)ခန့်၊ အနက်ပေ(၃၀)မှ (၅၀)ပေကြား ထိရှိသော်လည်း ပေ(၇၂၀၀)မှ အစပြုပြီးတော့ မြေပြန့်ဖြူးသွားတဲ့အတွက်ကြောင့် ချောင်းမှာ ပြန်လည် တိမ်ကောသွားပြီးတော့ နန့်ကွတ်ရွာ အဝင်လမ်းဆုံမှာ အကျယ်(၁၀)ပေ၊ အနက် (၇)ပေခန့်သာ ရှိပါတယ်။ နန့်ကွတ်ရွာ လမ်းဆုံကနေစပြီးတော့ အောက်ဖက်ပေ(၁၅၀)ခန့်မှာ မိုးရေများမှာ ဖြန့်ခွဲစီးဆင်းသွားပြီးတော့ ချောင်းရဲ့ အဆုံးပိုင်း ပေ(၂၀၀၀)မှာ အကျယ်(၈)ပေ၊ အနက်(၅)ပေ ဖြစ်သွားပါတယ်။ ဘီလူးချောင်းသို့စီးဝင်သည့်အပိုင်း နောက်ဆုံးပေ(၁၀၀)ခန့်မှာ ချောင်းအကျယ်(၃)ပေ၊ အနက်(၂)ပေ ခန့်သာရှိတဲ့ မြောင်းငယ်ခန့်သာ ရှိပါတယ်။

လက်ရှိချောင်းရဲ့အခြေအနေဟာ မိုးရာသီမှာ ဘီလူးချောင်းကို တိုက်ရိုက်စီးဝင်တဲ့ အပိုင်းမှာ အလွန်သေးငယ်နေပြီးတော့ မိုးရေများမှာဖြန့်ပြီးတော့ စီးဆင်းခြင်းဖြစ်တဲ့အတွက်ကြောင့် ချောင်း တစ်လျှောက်နုန်းများ ဘီလူးချောင်းအတွင်းသို့ စီးဝင်နိုင်ချေနည်းပါးနေပါတယ်။ ချောင်းဟာ ပုံမှန်ရေဝင်ရောက်မှုမရှိဘဲနဲ့ မိုးရွာချိန်၌သာ မိုးရေစီးဆင်းတဲ့ ချောင်းဖြစ်တဲ့အပြင် မိုးတိတ်ပြီး (၂)နာရီခန့် အတွင်းမှာ ချောင်းအတွင်းရေကျန်မရှိအောင် ရေကုန်သွားတယ်။ ချောင်းတစ်လျှောက် မြေပြင် အခြေအနေအရလည်း ဆည်တည်ဆောက်ပါက ရေနေဖွယ်မရှိခြင်း၊ ချောင်းရဲ့အထက်ပိုင်းနှင့် ဘေးဘက်များ တွင်တောင်ကုန်းများဖြစ်ပြီးတော့ ချောင်း၏အောက်ဘက်ပိုင်းများမှာလည်း ဆည်ရေသောက်နိုင်သော လယ်မြေများ မရှိခြင်းကြောင့် ဆည်တည်ဆောက်ရန် မသင့်ကြောင်း ပြန်လည် ဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၀း၃၇။**

**ဥက္ကဋ္ဌ။** ။ အစည်းအဝေးကို (၁၅)မိနစ် ခေတ္တရပ်နားပါမယ်။

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံး ထွက်ခွာနိုင်ကြပါပြီ ခင်ဗျား။

[အစည်းအဝေးကို ၁၀း၃၈ နာရီအချိန်တွင် ခေတ္တရပ်နားပြီး ၁၀း၅၃ နာရီအချိန်တွင် ပြန်လည် ကျင်းပပါသည်။]

**အချိန်၊ ၁၀း၅၃။**

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစည်းအဝေး ပြန်လည်စတင်တော့မှာ ဖြစ်ပါတယ် ခင်ဗျား။

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အမျိုးသားလွှတ်တော်က အတည်ပြုပြီး ပေးပို့ထားသော လူဦးရေတိုးပွားနှုန်း ထိန်းညှိခြင်းဆိုင်ရာ ကျန်းမာရေးစောင့်ရှောက်မှုဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည် ပေးပို့လာခြင်းနှင့်စပ်လျဉ်း၍ ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက်ကို အတည်ပြုရန် လွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း**

**အချိန်၊ ၁၁း၀၉။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၆)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော်က အတည်ပြုပြီး ပေးပို့ထားသော လူဦးရေ တိုးပွားနှုန်း ထိန်းညှိခြင်းဆိုင်ရာ ကျန်းမာရေး စောင့်ရှောက်မှု ဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး အမျိုးသားလွှတ်တော်သို့ ပြန်လည်ပေးပို့လာပါတယ်။

ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပြန်လည်ပေးပို့လာခြင်းကို အမျိုးသား လွှတ်တော်သို့ အသိပေးတင်ပြခဲ့ပြီး ဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက်ကို ဆွေးနွေး လိုသော လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာခဲ့သော် လည်း ဆွေးနွေးရန် အမည်စာရင်းတင်သွင်းထားတဲ့ လွှတ်တော်ကိုယ်စားလှယ်မရှိတဲ့အတွက် ပြည်သူ့ လွှတ်တော် ၏ ပြင်ဆင်ချက်ကို အတည်ပြုရန် လွှတ်တော်ရဲ့ သဘောထား ရယူပါမယ်။

ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက် -

အပိုဒ် ၂(က)(ခ)(င)

၂။ (က) လူဦးရေတိုးပွားနှုန်းထိန်းညှိခြင်း ဆိုသည်မှာ နိုင်ငံတော်အတွင်း လူဦးရေသိပ်သည်းမှုများပြားခြင်း၊ လူဦးရေတိုးပွားနှုန်းမြင့်တက်ခြင်းနှင့် ကလေးမွေးဖွားနှုန်း မြင့်မားခြင်းတို့ မဖြစ်စေရန် ထိန်းညှိခြင်းကို ဆိုသည်။

(ခ) ကျန်းမာရေး စောင့်ရှောက်မှု ဆိုသည်မှာ လူဦးရေ တိုးပွားနှုန်း ထိန်းညှိခြင်းဆိုင်ရာ ကျန်းမာရေး စောင့်ရှောက်မှုကို ဆိုသည်။ ယင်းစကားရပ်တွင် အန္တရာယ်ကင်းသော မိခင်နှင့်ကလေးဘဝရရှိစေရန် သားဆက်ခြားခြင်း၊ ကိုယ်ဝန်ဆောင် စောင့်ရှောက်ခြင်း၊ ကလေးမွေးဖွားမှုဆိုင်ရာ ကျန်းမာရေးစောင့်ရှောက်ခြင်း၊ သားပျက် သားလျှောမှုနှင့် ယင်းကြောင့်ဖြစ်ပေါ်လာမည့် နောက်ဆက်တွဲ ကျန်းမာရေးပြဿနာများကို ကာကွယ်ခြင်းနှင့် ယင်းတို့အတွက် အသိပညာပေးခြင်းများ ပါဝင်သည်။

(ဂ) ဦးစီးဌာနဆိုသည်မှာ ဤဥပဒေပါ လုပ်ငန်းတာဝန်များကို ထိရောက်စွာ အကောင်အထည်ဖော် ဆောင်ရွက်ရန် ဝန်ကြီးဌာနက သတ်မှတ်တာဝန်ပေးသော ဦးစီးဌာနတစ်ခုခုကိုဆိုသည်ဟု ပြင်ဆင် ထားပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

[သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အပိုဒ် ၂(က)(ခ)(ဂ) ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက်အတည်ဖြစ်တဲ့အတွက် အပိုဒ် ၂(က)(ခ)(ဂ)သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်းဖြစ်သည်။ (သြဘာသံများ)

ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက် -

အပိုဒ် ၃(က)(ခ)(ဂ)

၃။ (က) နိုင်ငံတော်အတွင်း ဆင်းရဲနွမ်းပါးမှု လျော့ကျပြီး လူနေမှုဘဝ မြင့်မားစေရေးအတွက် အထောက်အကူ ပြုနိုင်ရန်၊

(ခ) အရည်အသွေးပြည့်မီသော ကျန်းမာရေး စောင့်ရှောက်မှု လုံလောက်စွာ ရရှိစေရန်၊

(ဂ) မိခင်နှင့်ကလေးများ၏ ကျန်းမာရေးဖွံ့ဖြိုးတိုးတက်စေရေးတို့ကို ဦးတည်၍ လူဦးရေတိုးပွားနှုန်းထိန်းညှိခြင်းဆိုင်ရာ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို ထိရောက်စွာ ဆောင်ရွက်နိုင်ရန်ဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

[သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အပိုဒ် ၃(က)(ခ)(ဂ) ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အပိုဒ် ၃(က)(ခ)(ဂ) သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (ဩဘာသံများ)

ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက် -

အပိုဒ် ၄၊ အပိုဒ် ၅၊ အပိုဒ် ၆၊ အပိုဒ် ၇ ခြေဆင်း

၄။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် အစိုးရအဖွဲ့နှင့် ပြည်ထောင်စုနယ်မြေ အုပ်ချုပ်မှုအဖွဲ့တို့သည် မိမိတို့ဒေသအတွင်း လူဦးရေ သိပ်သည်းမှု များပြားခြင်း၊ လူဦးရေတိုးပွားနှုန်း မြင့်တက်ခြင်း၊ ကလေး မွေးဖွားနှုန်း မြင့်မားခြင်း၊ မိခင်နှင့် ကလေးသေနှုန်း မြင့်မားခြင်းနှင့် ပြောင်းရွှေ့ နေထိုင်မှုနှုန်း မြင့်မားခြင်းတို့ကြောင့် လူဦးရေနှင့် သယံဇာတ အရင်းအမြစ် အချိုးညီမျှမှု မရှိခြင်း၊ လူမှုစီးပွားရေး အညွှန်းကိန်းများ နိမ့်ကျခြင်းနှင့် ဒေသတွင်း စားနပ်ရိက္ခာ လုံလောက်မှု မရှိခြင်းတို့ ပေါ်ပေါက်ခြင်း ရှိ မရှိနှင့် နောင်တွင် ယင်းသို့ ပေါ်ပေါက်လာနိုင်ဖွယ် ရှိ / မရှိတို့ကို သုံးသပ်ရန် ကျွမ်းကျင်သူများ၏ အကူအညီ ရယူ၍ စစ်တမ်းကောက်ယူနိုင်သည်။

၅။ ပုဒ်မ ၄ ပါ အချက်များ ပေါ်ပေါက်ကြောင်း နှင့် နောင်တွင် ယင်းသို့ ပေါ်ပေါက်လာနိုင်ဖွယ် ရှိကြောင်း သုံးသပ်တွေ့ရှိပါက ပြည်ထောင်စုနယ်မြေ အုပ်ချုပ်မှုအဖွဲ့သည် နိုင်ငံတော်သမ္မတထံ လည်းကောင်း၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် အစိုးရ အဖွဲ့သည် ပြည်ထောင်စုအစိုးရအဖွဲ့သို့ လည်းကောင်း တင်ပြ ရမည်။

၆။ ပုဒ်မ ၅ အရ တင်ပြချက်ကို လက်ခံ ရရှိသည့်အခါ နိုင်ငံတော်သမ္မတသည် ပြည်ထောင်စုနယ်မြေအတွက်လည်းကောင်း၊ ပြည်ထောင်စုအစိုးရအဖွဲ့သည် သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွက် လည်းကောင်း ဤ ဥပဒေအရ ကျန်းမာရေး စောင့်ရှောက်မှု ဆောင်ရွက်ရမည့်ဒေသ အဖြစ် သီးခြားသတ်မှတ်၍ အမိန့် ကြော်ငြာစာ ထုတ်ပြန်နိုင်သည်။

၇။ ပုဒ်မ ၆ အရ ကျန်းမာရေး စောင့်ရှောက်မှု ဆောင်ရွက်ရမည့် ဒေသအဖြစ် သတ်မှတ်လျှင်ဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

[သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အပိုဒ် ၄၊ အပိုဒ် ၅၊ အပိုဒ် ၆၊ အပိုဒ် ၇ ခြေဆင်း ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အပိုဒ် ၄၊ အပိုဒ် ၅၊ အပိုဒ် ၆၊ အပိုဒ် ၇ ခြေဆင်း သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (သြဘာသံများ)

ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက် -

အပိုဒ် ၉(ဆ)

၉။ (ဆ) ကျန်းမာရေးစောင့်ရှောက်မှု၊ လူမှုရေး၊ ယဉ်ကျေးမှု၊ စီးပွားရေးနှင့်လူဦးရေ ပြောင်းလဲမှု၊ လူဦးရေနှင့် သဘာဝ ပတ်ဝန်းကျင် ထိခိုက်မှုနှင့် အပြန်အလှန် ဆက်စပ်မှုကို သုတေသနပြုခြင်းဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

[သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အပိုဒ် ၉(ဆ) ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အပိုဒ် ၉(ဆ) သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (သြဘာသံများ)

ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက် -

အပိုဒ် ၁၀(က)(၆)(၁၂)၊ အပိုဒ် ၁၂(က)(ဈ)

၁၀။ (က) (၆) ဦးစီးမှူး — အဖွဲ့ဝင်
တိုင်းဒေသကြီး သို့မဟုတ်
ပြည်နယ် လူမှုဝန်ထမ်း၊
ကယ်ဆယ်ရေး နှင့် ပြန်လည်
နေရာချထားရေး ဦးစီးဌာနမှူးရုံး

(၁၂) ကိုယ်စားလှယ် တစ်ဦး — အဖွဲ့ဝင်
တိုင်းဒေသကြီး သို့မဟုတ်
ပြည်နယ် အသင်းခွဲ၊ မြန်မာနိုင်ငံ
ဆရာဝန် အသင်း

၁၂။ (က) ဝန်ကြီးဌာန၊ သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့နှင့် ပြည်ထောင်စုနယ်မြေ အုပ်ချုပ်မှုအဖွဲ့၏လမ်းညွှန်ချက်နှင့်အညီ ဆောင်ရွက်ခြင်း၊

(ဈ) ဝန်ကြီးဌာနနှင့် သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် အစိုးရအဖွဲ့နှင့် ပြည်ထောင်စုနယ်မြေ အုပ်ချုပ်မှုအဖွဲ့တို့က အခါအားလျော်စွာ ပေးအပ်သော လုပ်ငန်းတာဝန်များကို ထမ်းဆောင်ခြင်းဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

[သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အပိုဒ် ၁၀(က)(၆)(၁၂)၊ အပိုဒ် ၁၂(က)(ဈ) ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အပိုဒ် ၁၀(က)(၆) (၁၂)၊ အပိုဒ် ၁၂(က)(ဈ) သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (ဩဘာသံများ)

ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက် -

အပိုဒ် ၁၃ (ဆ)

၁၃။ (ဆ) အတွင်းရေးမှူး အဖွဲ့ဝင်

မြို့နယ်ကြက်ခြေနီအသင်း ဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

[သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အပိုဒ် ၁၃ (ဆ) ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အပိုဒ် ၁၃ (ဆ) သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (ဩဘာသံများ)

ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက် -

အပိုဒ် ၁၄(က)

၁၄။ (က) သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဖွဲ့၏ လမ်းညွှန်ချက်နှင့် အညီ အကောင်အထည်ဖော် ဆောင်ရွက်ခြင်းဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

[သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အပိုဒ် ၁၄(က) ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အပိုဒ် ၁၄(က) သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (သြဘာသံများ)

ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက်-

အပိုဒ် ၁၉၊ အပိုဒ် ၂၀(ခ)

၁၉။ ဤဥပဒေအရ လူဦးရေတိုးပွားနှုန်း ထိန်းညှိခြင်းဆိုင်ရာ ကျန်းမာရေး စောင့်ရှောက်မှု ဆောင်ရွက်ခြင်းသည် ကျန်းမာရေး စောင့်ရှောက်မှု ဆောင်ရွက်ရမည့်ဒေသ မဟုတ်သော တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်နှင့် ပြည်ထောင်စုနယ်မြေတွင် ဝန်ကြီးဌာနက ဆောင်ရွက်သည့် ကျန်းမာရေး စောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်ခြင်းနှင့် မသက်ဆိုင်စေရ။

၂၀။ (ခ) ဝန်ကြီးဌာန၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့၊ ပြည်ထောင်စု နယ်မြေ အုပ်ချုပ်မှုအဖွဲ့နှင့် ဦးစီးဌာနတို့သည် အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်ဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

[သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အပိုဒ် ၁၉၊ အပိုဒ် ၂၀(ခ) ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အပိုဒ် ၁၉၊ အပိုဒ် ၂၀(ခ)သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (သြဘာသံများ)

ပြည်သူ့လွှတ်တော်၏ အတည်ပြုချက် -

ပြည်သူ့လွှတ်တော်က အပိုဒ် ၈(က)၊ အပိုဒ် ၉(ဂ)၊ အပိုဒ် ၁၁၊ အပိုဒ် ၁၄(ဠ) တို့ကို မူလအဆိုပြုချက် အတိုင်းထားရှိရန်ဟု တင်ပြထားပါတယ်။

ဒီ တင်ပြချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

[သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် ပြည်သူ့လွှတ်တော်၏ အတည်ပြုချက်အတိုင်း အတည်ဖြစ်သည်။ (သြဘာသံများ)

အမျိုးသားလွှတ်တော်က အတည်ပြုထားသည့် အပိုဒ် ၁၂(ဈ)ကို ပြည်သူ့လွှတ်တော်က ပယ်ဖျက်ထားပါတယ်။

ဒီ ပယ်ဖျက်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

[သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် ပယ်ဖျက်ချက် အတည် ဖြစ်သည်။ (သြဘာသံများ)

## အမျိုးသားလွှတ်တော် တိုင်းရင်းသားရေးရာ၊ ပဋိပက္ခဖြေလျှော့ရေး နှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ် ကော်မတီ၏ အစီရင်ခံစာကို အမျိုးသားလွှတ်တော်သို့ ဖတ်ကြားတင်သွင်းခြင်း

**အချိန်၊ ၁၁း၂၄။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၇)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော် တိုင်းရင်းသားရေးရာ၊ ပဋိပက္ခဖြေလျှော့ရေးနှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ် ကော်မတီ၏ အစီရင်ခံစာကို လွှတ်တော်သို့ ဖတ်ကြားတင်သွင်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၁း၂၄။**

**ဦးစောမြဝင်း (အဖွဲ့ဝင်၊ တိုင်းရင်းသားရေးရာ၊ ပဋိပက္ခဖြေလျှော့ရေးနှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ် ကော်မတီ)။** ။ လေးစားရပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ဧည့်သည်တော်များ၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ မင်္ဂလာအပေါင်းနဲ့ ခညောင်းပါစေကြောင်း ဆုတောင်းမေတ္တာပို့သရင်း ဂါရဝပြုအပ်ပါသည်ခင်ဗျား။ ကျွန်တော်ကတော့ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ် (၁၁) ကြာအင်းဆိပ်ကြီးမြို့နယ်မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးစောမြဝင်း ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်၊ တိုင်းရင်းသားရေးရာ ပဋိပက္ခဖြေလျှော့ရေးနှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ် ကော်မတီ

ဥက္ကဋ္ဌရဲ့ တာဝန်ပေးချက်အရ ကော်မတီ၏ အစီရင်ခံစာကို လွှတ်တော်သို့ ဖတ်ကြား တင်ပြသွားပါ့မယ် ခင်ဗျား။

အမျိုးသားလွှတ်တော်
တိုင်းရင်းသားရေးရာ၊ ပဋိပက္ခဖြေလျှော့ရေးနှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကော်မတီ၏
အမျိုးသားလွှတ်တော်သို့ တင်သွင်းသည့် အစီရင်ခံစာ

နိဒါန်း

၁။ အမျိုးသားလွှတ်တော်သည် တိုင်းရင်းသားရေးရာ၊ ပဋိပက္ခဖြေလျှော့ရေးနှင့် ငြိမ်းချမ်းရေး လုပ်ငန်းစဉ်ကော်မတီကို ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အတွင်း မှီတင်းနေထိုင်ကြသော တိုင်းရင်းသားလူမျိုးများ၏ရေးရာများနှင့် စပ်လျဉ်းသည့် လုပ်ငန်းများဆောင်ရွက်နိုင်ရန်၊ တိုင်းရင်းသား များနှင့်ပတ်သက်သည့် ပဋိပက္ခဖြေလျှော့ရေး၊ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များတွင် လိုအပ်ပါက ပါဝင် ဆောင်ရွက်နိုင်ရေးတို့အတွက် ဖွဲ့စည်းခြင်းဖြစ်ပါသည်။

ကော်မတီဖွဲ့စည်းခြင်း

၂။ အမျိုးသားလွှတ်တော်၊ တိုင်းရင်းသားရေးရာ၊ ပဋိပက္ခဖြေလျှော့ရေးနှင့် ငြိမ်းချမ်းရေးလုပ်ငန်း စဉ်ကော်မတီကို အမျိုးသားလွှတ်တော်၏ ၁၈.၇.၂၀၁၄ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ်၊ ၃၄/၂၀၁၄ ဖြင့် အောက်ပါအတိုင်း ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့ပါသည် -

| | | |
|---|---|---|
| (က) | ဦးခက်ထိန်နန်၊ မဲဆန္ဒနယ်အမှတ်(၁)၊ ကချင်ပြည်နယ် | ဥက္ကဋ္ဌ |
| ( ခ ) | ဦးစခုန်တိန့်ယိန်း၊ မဲဆန္ဒနယ်အမှတ်(၄)၊ ကချင်ပြည်နယ် | အဖွဲ့ဝင် |
| ( ဂ ) | ဦးဆန်းရယ်၊ မဲဆန္ဒနယ်အမှတ်(၅)၊ ကယားပြည်နယ် | အဖွဲ့ဝင် |
| (ဃ) | ဦးမန်းကံညွန့်၊ မဲဆန္ဒနယ်အမှတ်(၂)၊ ကရင်ပြည်နယ် | အဖွဲ့ဝင် |
| ( င ) | ဦးစောမြဝင်း၊ မဲဆန္ဒနယ်အမှတ်(၁၁)၊ ကရင်ပြည်နယ် | အဖွဲ့ဝင် |
| ( စ ) | ဦးပေါ်လျှံလွင်၊ မဲဆန္ဒနယ်အမှတ်(၉)၊ ချင်းပြည်နယ် | အဖွဲ့ဝင် |
| (ဆ) | ဦးမြင့်လှိုင်၊ မဲဆန္ဒနယ်အမှတ်(၁၂)၊ ရခိုင်ပြည်နယ် | အဖွဲ့ဝင် |
| ( ဇ ) | ဦးလျှုကွယ်ရှိ၊ မဲဆန္ဒနယ်အမှတ်(၁၁)၊ ရှမ်းပြည်နယ် | အဖွဲ့ဝင် |
| ( ဈ ) | ဗိုလ်မှူးကြီးဝင်းလွင်ဦး၊ တပ်မတော်သားကိုယ်စားလှယ် | အဖွဲ့ဝင် |
| (ည) | ဦးဆလိုင်းခွဲယန်၊ မဲဆန္ဒနယ်အမှတ်(၁၂)၊ ချင်းပြည်နယ် | အတွင်းရေးမှူး |

တို့ဖြစ်ပါသည်။

ကော်မတီ၏လုပ်ငန်းတာဝန်များ

၃။ ကော်မတီ၏လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်ပါသည် -

(ဂ) တိုင်းရင်းသားညီအစ်ကို အချင်းချင်း အပြန်အလှန်နားလည်မှု၊ ချစ်ကြည်ရင်းနှီးမှု၊ စည်းလုံးညီညွတ်မှုနှင့် တည်ငြိမ်အေးချမ်းမှုများ ပိုမိုတည်ဆောက်နိုင်ရန် ကြိုးပမ်းဆောင်ရွက်ရေး။

(ခ) တိုင်းရင်းသားများသည် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ မိမိတို့ရရှိထိုက်သည့် မူလအခွင့်အရေးများရရှိရန်နှင့် တာဝန်ဝတ္တရားများကို လေးစားလိုက်နာနိုင်ရေး ကြိုးပမ်းဆောင်ရွက်ရန်။

(ဂ) တိုင်းရင်းသားလူမျိုးများ၏ ဘာသာ၊ စာပေ၊ ယဉ်ကျေးမှု၊ ဓလေ့ထုံးစံများ ဖော်ထုတ် ပျိုးထောင်ပေးရန်။

(ဃ) တိုင်းရင်းသားလူမျိုးများ၏ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်စေရန်။

(င) ပြည်ထောင်စုအစိုးရအဖွဲ့မှဖွဲ့စည်းထားသော ပြည်တွင်းငြိမ်းချမ်းရေးကော်မတီ/ကော်မရှင်များ၊ ကော်မတီလုပ်ငန်းနှင့်သက်ဆိုင်သော ပြည်ထောင်စုအဆင့်အစိုးရဌာနများ၊ ဝန်ကြီးဌာနများ၊ ပြည်တွင်းပြည်ပအဖွဲ့အစည်းများ၊ အစိုးရမဟုတ်သောအဖွဲ့အစည်းများ၊ ငြိမ်းချမ်းရေးအဖွဲ့အစည်းများနှင့် တွေ့ဆုံဆွေးနွေးညှိနှိုင်းရန်လိုအပ်ပါက ရေးရာကော်မတီနှင့် လွှတ်တော်အုပ်ချုပ်မှု မူဝါဒဆိုင်ရာလုပ်ငန်းညှိနှိုင်းရေးအဖွဲ့မှတစ်ဆင့် လွှတ်တော်ဥက္ကဋ္ဌ၏ ခွင့်ပြုချက်ဖြင့် အခါအားလျော်စွာတွေ့ဆုံဆွေးနွေးညှိနှိုင်း၍ လုပ်ငန်း၏ ရည်ရွယ်ချက်များကို ဖော်ဆောင်ခြင်း။

(စ) ပြည်တွင်းပဋိပက္ခဖြေရှင်းရေးကိစ္စအတွက် နယ်မြေများသို့ သွားရောက်ရန်ရှိပါက လွှတ်တော်ဥက္ကဋ္ဌ၏ တာဝန်ပေးချက်ဖြင့်ပြည်ထောင်စုအစိုးရ၊ တိုင်းဒေသကြီး (သို့မဟုတ်)ပြည်နယ်အစိုးရတို့နှင့် ညှိနှိုင်းလေ့လာတင်ပြရန်အတွက် ကော်မတီဝင် (၃)ဦးဖြင့် သွားရောက်ဆောင်ရွက်ခြင်း။

(ဆ) လက်တလော ပဋိပက္ခဖြစ်ပွားသည့် ဒေသများ၏ ဖြစ်စဉ်များလေ့လာ၍ အကြောင်းအရင်းဖော်ထုတ်ခြင်းနှင့် ယင်းအကြောင်းအရာများအပေါ် အခြေခံ၍ ထပ်မံမဖြစ်ပေါ်စေရေးအတွက် ဆောင်ရွက်သင့်သည့် အချက်အလက်များ လေ့လာပြုစုတင်ပြခြင်း။

(ဇ) ဒေသအလိုက်ပဋိပက္ခဖြစ်ပေါ်လာနိုင်သည့် အခြေခံအချက်အလက်များ ကြိုတင်ခန့်မှန်းရှာဖွေခြင်းနှင့် ဖြစ်ပေါ်မလာစေရေး ကြိုတင်စီစဉ် ဆောင်ရွက်သင့်သည့်နည်းလမ်းများ လေ့လာဖော်ထုတ်တင်ပြခြင်း ။

(ဈ) ငြိမ်းချမ်းရေးဖော်ဆောင်မှုအပေါ် ပြည်တွင်းပြည်ပအဖွဲ့အစည်းများက တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ ကောင်းကျိုး၊ မကောင်းကျိုး သက်ရောက်မှုရှိအောင်ဆောင်ရွက်နေသည့် အခြေအနေများကို လေ့လာသုံးသပ်တင်ပြခြင်း။

(ည) လုပ်ငန်းဆောင်ရွက်ပြီးစီးတိုင်း လွှတ်တော်ဥက္ကဋ္ဌထံသို့ အစီရင်ခံစာတင်ပြခြင်းနှင့်ကော်မတီသည် အစီရင်ခံစာကို အခါအားလျော်စွာ လွှတ်တော်သို့ တင်ပြခြင်း။

ကော်မတီအစည်းအဝေးများ ကျင်းပခြင်း

၄။ အမျိုးသားလွှတ်တော်၊ တိုင်းရင်းသားရေးရာ၊ ပဋိပက္ခဖြေလျှော့ရေးနှင့် ငြိမ်းချမ်းရေး လုပ်ငန်းစဉ် ကော်မတီအစည်းအဝေးများကို ယခု အစီရင်ခံစာတင်သွင်းသည့် အချိန်ထိ(၇)ကြိမ် ကျင်းပနိုင်ခဲ့ပါသည်။

ကော်မတီ တင်ပြမည့် အချက်များ

၅။ ကော်မတီအနေဖြင့် စုပေါင်း၍ နယ်မြေဒေသ ကွင်းဆင်းလေ့လာရေးခရီးစဉ်များ မသွား ရောက်နိုင်ခဲ့သော်လည်း ကော်မတီဝင်များအနေဖြင့် မိမိတို့သက်ဆိုင်ရာ ဒေသများတွင် တိုင်းရင်းသား ရေးရာကိစ္စ၊ ပဋိပက္ခဖြေလျှော့ရေးကိစ္စနှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကိစ္စရပ်များကို ဥပဒေဘောင် အတွင်းက ပါဝင်ကူညီဆောင်ရွက်ပေးရန် ဤကော်မတီအစည်းအဝေးတွင် ဆွေးနွေး သဘောတူညီ ထားကြပါသည်။ ယင်းသို့သဘောတူညီထားသည့်အတိုင်း ဆောင်ရွက်ချက်များကို ကော်မတီ အစည်း အဝေးသို့ ပြန်လည်တင်ပြခြင်းနှင့် ၎င်းဆောင်ရွက်ချက်များကို ကော်မတီ အစီရင်ခံစာတွင် ထည့်သွင်း တင်ပြသွားရန် ဆုံးဖြတ်ချက်များ ချမှတ်ခဲ့ကြပါသည်။

၆။ ယခုအချိန်တွင် မိမိတို့ လွှတ်တော်သက်တမ်း(၅)နှစ်၏ နောက်ဆုံးနှစ်သို့ ရောက်ရှိလာ ပြီဖြစ်သောကြောင့် ပထမအကြိမ်အမျိုးသားလွှတ်တော်အစည်းအဝေးစတင်ချိန်မှ ယနေ့အချိန်အထိ အတည် ပြုဆောင်ရွက်နိုင်ခဲ့သော တိုင်းရင်းသားများ၏ စာပေ၊ ယဉ်ကျေးမှုနှင့် ပတ်သက်သည့် ကိစ္စရပ်များ၊ ငြိမ်းချမ်းရေးနှင့် ပတ်သက်သည့် ကိစ္စရပ်များကိုလည်း ထည့်သွင်းတင်ပြသွားမည် ဖြစ်ပါ သည်။

ကော်မတီ၏ဆောင်ရွက်ချက်များ

ကော်မတီ၏ဆောင်ရွက်ချက်များကို ကျွန်တော်တို့ နယ်ဆင်းတဲ့အခါမှာ ကျွန်တော်တို့ မှတ်တမ်းအချို့ကို Power Point ဖြင့် တင်ပြပေးသွားမှာဖြစ်ပါတယ်။

ကော်မတီ၏ဆောင်ရွက်ချက်များ

၇။ ပထမအကြိမ်ဖွဲ့စည်းပေးခဲ့သော တိုင်းရင်းသားရေးရာကော်မတီသည် ၂၂-၅-၂၀၁၂ နေ့မှ ၁၁-၆-၂၀၁၂ နေ့အထိ တိုင်းဒေသကြီးနှင့်ပြည်နယ်(၁၄)ခုသို့ သွားရောက်ခဲ့ပြီး တိုင်းရင်းသားရေးရာ ကိစ္စရပ်များကို တွေ့ဆုံဆွေးနွေးနိုင်ခဲ့ပါသည်။ ဒုတိယအကြိမ်ပြန်လည်ဖွဲ့စည်းပေးသော တိုင်းရင်းသား ရေးရာကော်မတီ အနေနှင့် ကရင်ပြည်နယ်ရှိ ဂေဘားတိုင်းရင်းသားများနှင့် သော်လည်းကောင်း၊ သန်းခေါင်စာရင်းကောက်ယူရေးနှင့်ပတ်သက်၍ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မှတာဝန်ရှိပုဂ္ဂိုလ်များနှင့်သော်လည်းကောင်း၊ ရှမ်းပြည်နယ်မြောက်ပိုင်းရှိ ခိုလုံလီရှော (ခေါ်) လီရှော လူမျိုးများနှင့်သော်လည်းကောင်း တွေ့ဆုံဆွေးနွေးနိုင်ခဲ့ပါသည်။

၈။ တိုင်းရင်းသားစာပေကို အခြေခံပညာကျောင်းများတွင် သင်ကြားပေးနိုင်ရန်၊ တိုင်းရင်းသား အစီအစဉ်ကို ရုပ်မြင်သံကြားတွင်ထုတ်လွှင့်ပေးနိုင်ရန်နှင့် တိုင်းရင်းသားများ၏ ယဉ်ကျေးမှုအနုပညာ များကိုအစိုးရမှဖော်ထုတ်ထိန်းသိမ်းမြှင့်တင်ခြင်းဆောင်ရွက်ပေးရန် ပြည်ထောင်စုလွှတ်တော်၌ (၂၀၁၂) ခုနှစ်၊ မတ်လ(၁)ရက်နေ့တွင် ကော်မတီအတွင်းရေးမှူးတာဝန် ထမ်းဆောင်ခဲ့သော ဦးခက်ထိန်နန်မှ အမျိုးသားစီမံကိန်းဥပဒေကြမ်း၏ မူ နှင့်အခြေခံသဘောခေါင်းစဉ်ဖြင့်တင်ပြဆွေးနွေးရာ ပြည်ထောင်စု

ဝန်ကြီးဦးကျော်ဆန်းမှ ပြည်ထောင်စုလွှတ်တော်တွင် ပြည်ထောင်စုအစိုးရမှ သဘောတူဆောင်ရွက်ပေးမည်ဖြစ်ကြောင်းဖြေကြားခဲ့ပြီး ယခုအခါအကောင်အထည်ဖော်ဆောင်ရွက်နေပြီဖြစ်ပါသည်။ ထို့အပြင် တိုင်းဒေသကြီး(သို့မဟုတ်)ပြည်နယ်အစိုးရများတွင် တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအဖွဲ့များ ဖွဲ့စည်းခွင့်(လုပ်ပိုင်ခွင့်) ပြဋ္ဌာန်းသတ်မှတ်ပေးရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆိုကိုလည်း တင်သွင်းအတည်ပြုနိုင်ခဲ့ပါသည်။

၉။ ဘာသာရေးဆိုင်ရာလုပ်ငန်းအစီအမံများကို ဖွဲ့စည်းပုံအခြေခံဥပဒေမှ ပြဋ္ဌာန်းထားသောလုပ်ပိုင်ခွင့်များနှင့်အညီ တိုင်းဒေသကြီး (သို့မဟုတ်) ပြည်နယ်အစိုးရများ၏ အစီအမံဖြင့် စီမံခန့်ခွဲခွင့်ပြုနိုင်ပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုကို ကော်မတီဝင် ဦးပေါ်လျှံလွင် က အဆိုတင်သွင်းပြီး လွှတ်တော်က အတည်ပြုခဲ့ပါသည်။ ယခုအခါ ပြည်ထောင်စုအစိုးရကလည်း အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။

၁၀။ ကော်မတီအနေဖြင့်(၂၀၁၄) ခုနှစ်၊ ပြည်လုံးကျွတ်သန်းခေါင်စာရင်း မကောက်မီ ၂၈-၁-၂၀၁၄ နေ့တွင် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ တာဝန်ရှိသူများနှင့်တွေ့ဆုံ၍ သန်းခေါင်စာရင်းကောက်ယူရေးကိစ္စရပ်များနှင့် ပတ်သက်၍ ကော်မတီမှလိုအပ်ပါက ကူညီပေးနိုင်ရန် ညှိနှိုင်းအစည်းအဝေး ကျင်းပပြုလုပ်ခဲ့ပါသည်။ သန်းခေါင်စာရင်းကောက်ယူပြီး နောက်ပိုင်း ၁၆-၂-၂၀၁၅ နေ့တွင် တစ်ကြိမ်ထပ်မံဆွေးနွေးနိုင်ခဲ့ပြီး၊ ဆွေးနွေးချက်များအရ ၂၀၁၄ ခုနှစ်၊ မတ်လ(၂၉)ရက် သန်းခေါင်စာရင်း ရည်ညွှန်းချိန်ပေါ်မူတည်၍ မတ်လ(၃၀)ရက်မှ ဧပြီ (၁၀)ရက်နေ့အထိ နိုင်ငံအဝန်းဆောင်ရွက်သော သန်းခေါင်စာရင်း ကောက်ယူခြင်းနှင့် ပတ်သက်၍ တိုင်းရင်းသားများအချို့သည် ၎င်းတို့၏ အမည်နာမများနှင့် ပတ်သက်၍သော်လည်းကောင်း၊ မည်သည့် တိုင်းရင်းသားလူမျိုးစုတွင် ပါဝင်နေသည်ဆိုသည့်အချက်နှင့် ပတ်သက်၍သော်လည်းကောင်း စိုးရိမ်လျက်ရှိနေကြသည်ကို လေ့လာသိရှိရပါသည်။ သန်းခေါင်စာရင်းနှင့် ပတ်သက်၍ ရှေ့ပြေးအစီရင်ခံစာကို၂၀၁၄ခုနှစ်၊ ဩဂုတ်လတွင် ထုတ်ပြန်ပြီးဖြစ်ကြောင်းနှင့် ပင်မအစီရင်ခံစာကို ၂၀၁၅ခုနှစ်၊ မေလတွင် ထုတ်ပြန်သွားမည်ဖြစ်ကြောင်း သိရှိရပါသည်။ သို့ရာတွင် တိုင်းရင်းသား လူမျိုးရေးရာကိစ္စရပ်များ၊ ကိုးကွယ်သည့် ဘာသာ၊ အလုပ်အကိုင်နှင့် လုပ်ငန်းကိစ္စရပ်များနှင့် ပတ်သက်၍ ဆောင်ရွက်ရန် ကျန်ရှိနေသေးသဖြင့် ပင်မအစီရင်ခံစာတွင်ပါဝင်နိုင်ခြင်းမရှိကြောင်း သိရှိရပါသည်။ တိုင်းရင်းသားလူမျိုးအမည် စာရင်းမှန်ကန်ရေးအတွက် သက်ဆိုင်ရာလူမျိုးစုများနှင့် ညှိနှိုင်းဆွေးနွေးပြီး သဘောတူညီမှုရရှိရေး ဆက်လက်ဆောင်ရွက်ရန်ရှိပါကြောင်း လေ့လာသိရှိရပါသည်။

၁၁။ ငြိမ်းချမ်းရေးနှင့်ပတ်သက်ပြီးအောက်ပါအတိုင်း တင်သွင်း အတည်ပြုနိုင်ခဲ့ပါသည် -

(က) မြန်မာနိုင်ငံအတွင်း ထာဝရငြိမ်းချမ်းပြီး တည်ငြိမ်အေးချမ်းမှု တည်ဆောက်ထိန်းသိမ်းအမြဲတမ်း ကော်မတီတစ်ရပ်ဖွဲ့စည်းရေး ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆို။

(ခ) ပြည်တွင်းငြိမ်းချမ်းရေးနှင့်ပတ်သက်၍ ထာဝရငြိမ်းချမ်းရေး ဖော်ဆောင်နိုင်ရန် နှစ်ဦးနှစ်ဖက် ယုံကြည်မှုရရှိမည့် ခိုင်မာသော အခြေခံမူများ ချမှတ်ပေးရေး ပြည်ထောင်စုအစိုးရအားတိုက်တွန်းကြောင်းအဆို။

(ဂ) ပြည်တွင်းငြိမ်းချမ်းရေးဖော်ဆောင်နေသူများကို ကျေးဇူးတင်ရှိကြောင်း မှတ်တမ်းတင်ရန်နှင့် ငြိမ်းချမ်းရေးကို အောင်မြင်သည်အထိ ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်သွားရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆို။

၁၂။ မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေးဆွေးနွေးမှုတွင် ပါဝင်ဆောင်ရွက်မှုများနှင့် ပတ်သက်၍ ပြည်ထောင်စု ငြိမ်းချမ်းရေးဖော်ဆောင်ရေးလုပ်ငန်းကော်မတီတွင် အမျိုးသားလွှတ်တော်မှ လွှတ်တော်ကိုယ်စားလှယ် (၉)ဦးသည် ငြိမ်းချမ်းရေး ဆွေးနွေးပွဲများတွင် အခါအားလျော်စွာ ပါဝင်လျက်ရှိပါသည်။

၁၃။ ကော်မတီဥက္ကဋ္ဌ ဦးခက်ထိန်နန်သည်၂၀၁၁ခုနှစ်မှစ၍ ၂၀၁၄ ခုနှစ် အထိ နေရာဒေသအသီးသီး၌ ကျင်းပခဲ့သော အစိုးရနှင့်(KIO/KIA) ငြိမ်းချမ်းရေးဆွေးနွေးပွဲများတွင် လည်းကောင်း၊ ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေးလုပ်ငန်းကော်မတီ (UPWC)နှင့် တစ်နိုင်ငံလုံး အပစ်အခတ်ရပ်စဲရေး ညှိနှိုင်းရေးအဖွဲ့(NCCT)တို့ ငြိမ်းချမ်းရေးဆွေးနွေးရာတွင် လည်းကောင်း ပါဝင်တက်ရောက်နိုင်ခဲ့ပါသည်။ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ၏ တာဝန်ပေးချက်အရ ကော်မတီဥက္ကဋ္ဌ ဦးခက်ထိန်နန်သည် နိုင်ငံတော်သမ္မတဦးဆောင်၍ ဒုတိယသမ္မတ(၂)ဦး၊ ပြည်ထောင်စုလွှတ်တော်နာယက၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ၊ ပြည်ထောင်စုဝန်ကြီးများ၊ နိုင်ငံရေးပါတီများမှ ခေါင်းဆောင်များ၊ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများမှ ခေါင်းဆောင်များပါဝင်သည့် ၁၂-၂-၂၀၁၅ ရက်နေ့ ပြည်ထောင်စုနေ့တွင် ငြိမ်းချမ်းရေးအတွက် ကတိကဝတ်သဘောတူညီချက် လက်မှတ်ရေးထိုးသော အစည်းအဝေးတွင်သော်လည်းကောင်း၊ ပြည်ထောင်စုလွှတ်တော်နာယက ဦးဆောင်၍ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌပါဝင်လျက် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများနှင့် ၁၃-၂-၂၀၁၅ ရက်နေ့ တွေ့ဆုံဆွေးနွေးခြင်းတွင် သော်လည်းကောင်း ပါဝင်နိုင်ခဲ့ပါသည်။ ဆက်လက်၍ UPWC နှင့် NCCTတို့၏ (၇)ကြိမ်မြောက် ငြိမ်းချမ်းရေးဆွေးနွေးပွဲကို ၁၇-၃-၂၀၁၅ မှ ၂၂-၃-၂၀၁၅ ရက်နေ့ထိ ရန်ကုန်မြို့ MPC ရုံးတွင် ပြုလုပ်ခဲ့ရာ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ၏ တာဝန်ပေးချက်အရ ကော်မတီ ဥက္ကဋ္ဌ ဦးခက်ထိန်နန် မှ ပါဝင်တက်ရောက်ခဲ့ပါသည်။ ဤ (၇)ကြိမ်မြောက် ငြိမ်းချမ်းရေးဆွေးနွေးခြင်းကို ၃၀-၃-၂၀၁၅ ရက်နေ့တွင် ဆက်လက်ဆွေးနွေးကြရန် သဘောတူဆုံးဖြတ်ကြပါသည်။ ၃၀-၃-၂၀၁၅ ရက်နေ့တွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရနှင့် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများအကြား ချုပ်ဆိုမည့် တစ်နိုင်ငံလုံးအပစ်အခတ်ရပ်စဲရေး သဘောတူစာချုပ် ပဉ္စမမူကြမ်းကို ဆွေးနွေး၍ အတည်ပြုမူကြမ်းအဆင့် သဘောတူညီခဲ့ကြပါသည်။ ၃၁-၃-၂၀၁၅ ရက်နေ့(၁၁)နာရီတွင် နိုင်ငံတော်သမ္မတ ငြိမ်းချမ်းရေး အစည်းအဝေးသို့တက်ရောက်ပြီး မိန့်ခွန်းပြောကြားခဲ့ပါသည်။ နိုင်ငံတော်သမ္မတ မိန့်ခွန်းပြောကြားပြီးနောက် နိုင်ငံတော်သမ္မတ၏ ရှေ့မှောက်တွင် တစ်နိုင်ငံလုံး အတိုင်းအတာ အပစ်အခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ်ကို UPWC မှ ဦးအောင်မင်း၊ ဦးသိန်းဇော်၊ ဒုတိယဗိုလ်ချုပ်ကြီးမြင့်စိုး၊ ဒုတိယဗိုလ်ချုပ်ကြီးသက်နိုင်ဝင်း၊ ဦးခက်ထိန်နန်တို့နှင့် NCCT မှ နမ်ဟံသာ၊ ဗဒိုစောကွယ်ထူးဝင်း၊ ဗိုလ်ချုပ်ဂွမ်မော်၊ ဒေါက်တာဆလိုင်းလှိုင်မုန်းဆာခါ၊ ဗိုလ်မှူးကြီး ခွန်ဥက္ကာတို့မှ နှစ်ဖက်အဖွဲ့၏ ကိုယ်စားလှယ် လက်မှတ်ရေးထိုးကြပြီး အတည်ပြုနိုင် ခဲ့ပါသည်။

၁၄။ ကချင်ပြည်နယ်တွင် ၁၈-၇-၂၀၁၄ မှ ၃၁-၁-၂၀၁၅ ရက်နေ့အထိ ဖြစ်ခဲ့သော အစိုးရတပ်မတော်နှင့် (KIO/KIA) တို့အကြား ပဋိပက္ခဖြစ်စဉ်များနှင့် ပတ်သက်၍ (၂)ကြိမ် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌထံ တင်ပြနိုင်ခဲ့ပါသည်။ ထို့ပြင် ၂၂-၉-၂၀၁၄ နေ့မှ ၂၆-၉-၂၀၁၄ ရက်နေ့ထိ

ရန်ကုန်မြို့ (MPC)ရုံးတွင် ကျင်းပပြုလုပ်သော ငြိမ်းချမ်းရေး ဆွေးနွေးပွဲတက်ရောက်ခဲ့သည့် အစီရင်ခံစာကို လည်း အမျိုးသားလွှတ်တော် ဥက္ကဋ္ဌထံ တင်ပြနိုင်ခဲ့ပါသည်။

၁၅။ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးဆောင်သော အမျိုးသားလွှတ်တော်၊ ကယ်ဆယ်ရေးနှင့် ကူညီစောင့်ရှောက်ရေးကော်မတီဥက္ကဋ္ဌ ဒေါက်တာခင်ရွှေနှင့် ကော်မတီဝင်တို့သည် ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့၊ ဝိုင်းမော်မြို့၊ ဗန်းမော်မြို့များသို့ရောက်ရှိပြီး ကချင်ပြည်နယ်ရှိ နေရပ်စွန့်ခွာ စစ်ရှောင် ပြည်သူများအတွက် ကျပ်သိန်းပေါင်း(၂၀၀၀)ကျော်ကို ကူညီထောက်ပံ့ခဲ့ကြပါသည်။

၁၆။ ကချင်ပြည်နယ်ရှိ စစ်ရှောင်ပြည်သူများအား ကူညီထောက်ပံ့နိုင်ရေးအတွက် ၂၀၁၂ ခုနှစ်တွင် ကျပ်သိန်း(၇၄၀)၊ ၂၀၁၃ခုနှစ်တွင် ကျပ်သိန်း(၃၈၉၀)၊ ၂၀၁၄ခုနှစ်တွင်ကျပ် သိန်း(၁၁၀၀)၊ စုစုပေါင်း အလှူငွေကျပ်သိန်း(၅၆၃၀)ကို ကော်မတီဥက္ကဋ္ဌဦးခက်ထိန်နန်မှ ဦးဆောင်ရှာဖွေ၍ ကူညီထောက်ပံ့ပေးနိုင်ခဲ့ပါသည်။ ထိုသို့ကူညီထောက်ပံ့ခဲ့ရာတွင် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များဖြစ်ကြသော ဒေါက်တာခင်ရွှေ မှ ကျပ်သိန်း(၃၀၀)၊ ဦးနေဝင်းထွန်း မှ ကျပ်သိန်း(၂၀၀)နှင့် အခြားသော အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များမှလည်း တတ်အား သရွေ့ ပါဝင်လှူဒါန်းကြပါသည်။

လေ့လာတွေ့ရှိချက်နှင့် သုံးသပ်ချက်များ

၁၇။ ကော်မတီ၏လေ့လာတွေ့ရှိချက်နှင့် သုံးသပ်ချက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်။ အမှတ်စဥ်(က)နှင့်ပတ်သက်၍ အနည်းငယ် ကွန်တော်ပြင်ဆင်ထားပါတယ်။ (က)နှင့် ပတ်သက်၍ နောက်ဆုံးအခြေအနေကို တင်ပြရမယ်ဆိုရင် -

(က) ၁၀-၃-၂၀၁၅ ရက်နေ့တွင် နှစ်ဖက်သဘောတူ လက်မှတ်ရေးထိုးခဲ့ပြီး ဖြစ်ပါသည်။ ဆက်လက်အကောင်အထည် ဖော်ဆောင်ရွက်သွားရမည့် ငြိမ်းချမ်းရေးလုပ်ငန်းများနှင့် နိုင်ငံရေးဆွေးနွေးမှုများကို အားလုံး ထောက်ခံအားပေးပါဝင် ကြိုးစားဆောင်ရွက်သွားကြရမည် ဖြစ်ပါသည်။

(ခ) မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေးလုပ်ငန်းစဥ်များ ဆွေးနွေးရာတွင် နိုင်ငံတကာ ငြိမ်းချမ်းရေးနှင့် ပဋိပက္ခဖြေရှင်းရေး၊ နိုင်ငံရေးသိပ္ပံ၊ နိုင်ငံတကာဖွဲ့စည်းပုံ အခြေခံ ဥပဒေဘာသာရပ် ဆိုင်ရာပါရဂူ (Ph.D) ဘွဲ့ရ မြန်မာပညာရှင်များလည်း ပါဝင် လျက်ရှိသည်ကို တွေ့ရှိရပါသည်။

(ဂ) မြန်မာနိုင်ငံ၏ တိုင်းရင်းသားလူမျိုးများ အမည်စာရင်း၊ အရေအတွက်နှင့် ပတ်သက်ပြီး သက်ဆိုင်ရာတိုင်းရင်းသားများနှင့်တိုင်ပင်ညှိနှိုင်း၍ သဘောတူညီ ချက်ရယူကာ ဆောင်ရွက်သွားရန် လိုအပ်သည်ဟု သုံးသပ်ရပါသည်။

(ဃ) ငြိမ်းချမ်းရေးနှင့်ပတ်သက်၍ တပ်မတော်နှင့်လက်နက်ကိုင် တိုင်းရင်းသား အဖွဲ့အစည်းများအနေဖြင့် နှစ်ဦးနှစ်ဖက်သဘောတူညီထားသောအချက်များကို လိုက်နာဆောင်ရွက် ရန်နှင့် တစ်ဖက်နှင့် တစ်ဖက်ယုံကြည်မှုတည်ဆောက်ရာတွင် ပိုမိုကြိုးစားလိုက်နာဆောင် ရွက်ရန် လိုအပ်သည်ကို သုံးသပ်တွေ့ရှိရပါသည်။

(င) အခြေခံပညာကျောင်းများတွင် သက်ဆိုင်ရာ တိုင်းရင်းသားစာပေ သင်ကြားရေး နှင့်ပတ်သက်၍ သင်ရိုးညွှန်းတမ်းများနှင့် သက်ဆိုင်ရာ တိုင်းရင်းသားစာပေ ကျွမ်းကျင်သော ဆရာ/ဆရာမများ ရရှိနိုင်မှု အခက်အခဲများ ရှိနေသည်ကို တွေ့ရှိ ရပါသည်။

နိဂုံး

၁၈။ အမျိုးသားလွှတ်တော်၊ တိုင်းရင်းသားရေးရာ ပဋိပက္ခဖြေလျှော့ရေးနှင့်ငြိမ်းချမ်းရေး လုပ်ငန်းစဉ် ကော်မတီသည် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ၏လမ်းညွှန်မှုကိုခံယူ၍ တိုင်းရင်းသားများအရေး၊ နိုင်ငံတွင် ဖြစ်ပွားလျက်ရှိသော ပဋိပက္ခများဖြေလျှော့ရေးနှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များတွင် ဆက်လက်ကြိုးပမ်း ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း တင်ပြအပ်ပါသည်။

တိုင်းရင်းသားရေးရာ<br>
ပဋိပက္ခဖြေလျှော့ရေးနှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကော်မတီ၊<br>
အမျိုးသားလွှတ်တော်

ကျေးဇူးတင်ပါတယ်။

တစ်နိုင်ငံလုံးအတိုင်းအတာ ပစ်ခတ်တိုက်ခတ်မှုရပ်စဲရေး သဘောတူစာချုပ် အတည်ပြု လက်မှတ်ရေးထိုးခြင်း အခမ်းအနားမှတ်တမ်း ဓာတ်ပုံ (၂၀၁၅ ခုနှစ်၊ မတ်လ ၃၁ ရက်) (ဟ)



**တစ်နိုင်ငံလုံးအတိုင်းအတာ ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် အတည်ပြုလက်မှတ်ရေးထိုးခြင်း အခမ်းအနား (၂၀၁၅ ခုနှစ်၊ မတ်လ ၃၁ ရက်)**

ရှေ့တန်း(ဝဲမှယာ) – ဦးခက်ထိန်နန်၊ ဒုတိယဗိုလ်ချုပ်ကြီး သက်နိုင်ဝင်း၊ ဒုတိယဗိုလ်ချုပ်ကြီး မြင့်စိုး၊ ဦးသိန်းဇော်၊ ဦးအောင်မင်း၊ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်၊ နိုင်ဟံသာ၊ ပဒိုစောကွယ်ထူးဝင်း၊ ဗိုလ်ချုပ်ဂွန်မော်၊ ဒေါက်တာဆလိုင်းလျန်မှုန်းဆာခေါင်း၊ ဗိုလ်မှူးကြီး ခွန်ဥက္ကာ

အညွှန်း တပ်ပေးပါရန် (ဟ-၁)




ပြည်ထောင်စုငြိမ်းချမ်းရေး ဖော်ဆောင်ရေးလုပ်ငန်းကော်မတီ၊ ဒု-ဥက္ကဋ္ဌ ဦးအောင်မင်းဦး ဦးဆောင်သော ကေအိုင်အို ဗဟိုငြိမ်းချမ်းရေး ဆွေးနွေးရေးအဖွဲ့တို့တွေ့ဆုံဆွေးနွေးပွဲအပြီး မှတ်တမ်းဓာတ်ပုံ (ဟ-၂)



## အမျိုးသားလွှတ်တော် တိုင်းရင်းသားရေးရာ၊ ပဋိပက္ခဖြေလျှော့ရေးနှင့် ငြိမ်းချမ်းရေး လုပ်ငန်းစဉ်ကော်မတီ၏ အစီရင်ခံစာကို သဘောတူလက်ခံရန် အဆိုတင်သွင်းခြင်းနှင့် အမျိုးသားလွှတ်တော်၏ အတည်ပြုချက် ရယူခြင်း

**အချိန်၊ ၁၁း၄၅။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော် တိုင်းရင်းသားရေးရာ၊ ပဋိပက္ခ ဖြေလျှော့ရေးနှင့် ငြိမ်းချမ်းရေး လုပ်ငန်းစဉ် ကော်မတီ၏အစီရင်ခံစာကို လွှတ်တော်ကသဘောတူလက်ခံရန် အဆိုတင်သွင်းခြင်းနှင့် အတည်ပြုချက် ရယူခြင်းကို ဆောင်ရွက်မှာ ဖြစ်ပါတယ်။

အမျိုးသားလွှတ်တော် တိုင်းရင်းသားရေးရာ၊ ပဋိပက္ခဖြေလျှော့ရေးနှင့် ငြိမ်းချမ်းရေး လုပ်ငန်းစဉ် ကော်မတီက အဆိုတင်သွင်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၁း၄၆။**

**ဦးမန်းကံညွန့် (အဖွဲ့ဝင်၊ တိုင်းရင်းသားရေးရာ၊ ပဋိပက္ခဖြေလျှော့ရေးနှင့် ငြိမ်းချမ်းရေး လုပ်ငန်းစဉ် ကော်မတီ)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ အမျိုးသားလွှတ်တော် တိုင်းရင်းသားရေးရာ၊ ပဋိပက္ခဖြေလျှော့ရေးနှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ် ကော်မတီ၏ အစီရင်ခံစာကို လွှတ်တော်က သဘောတူလက်ခံပေးပါရန် ကော်မတီကိုယ်စား အဖွဲ့ဝင် ကရင်ပြည်နယ်၊ မဲဆန္ဒနယ် အမှတ်(၂) အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ကျွန်တော် မန်းကံညွန့် က တင်သွင်းအပ်ပါတယ် ခင်ဗျား။

**အချိန်၊ ၁၁း၄၆။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် တိုင်းရင်းသားရေးရာ၊ ပဋိပက္ခဖြေလျှော့ရေးနှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကော်မတီ၏ အစီရင်ခံကို အတည်ပြုဖို့ လွှတ်တော်ရဲ့သဘောထား ရယူပါမယ်။

လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

လွှတ်တော်က သဘောတူတဲ့အတွက် အမျိုးသားလွှတ်တော် တိုင်းရင်းသားရေးရာ၊ ပဋိပက္ခဖြေလျှော့ရေးနှင့် ငြိမ်းချမ်းရေး လုပ်ငန်းစဉ် ကော်မတီ၏ အစီရင်ခံစာကို အတည်ပြုကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အမျိုးသားလွှတ်တော် (၃၉) ရက်မြောက်နေ့ အစည်းအဝေး ရပ်နားကြောင်းနှင့် (၄၀) ရက်မြောက်နေ့ အစည်းအဝေး ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း**

**အချိန်၊ ၁၁း၄၇။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခု အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန် အစည်းအဝေး (၃၉) ရက်မြောက်နေ့ကို ရပ်နားပါမယ်။ ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၄၀)ရက်မြောက်နေ့ကို ၂၀၁၅ ခုနှစ်၊ ဧပြီလ ၃ ရက် (သောကြာနေ့) နံနက် ၁၀း၀၀ နာရီအချိန်မှာ ဆက်လက်ကျင်းပမည် ဖြစ်ကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

**အခမ်းအနားမှူး**။ ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံး ထွက်ခွာနိုင်ကြပါပြီခင်ဗျား။

[ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၃၉)ရက်မြောက်နေ့ကို ၁၁း၄၈ နာရီအချိန်တွင် ရပ်နားပါသည်။]